
နမောတေ ဗုဒ္ဓဝီရတ္ထု

www.dhammaransi.com

သုဝဏ္ဏသျှမ်သာသနာပြုစာစဉ်-၁

## မဟာဗောဓိမြိုင်ဆရာတော်
## ဝနဝါသီ ဦဃျ ဓမ္မသာမိထေရ်၏

# အပ္ပမာဒ၏ သဘောထား



မောင်သွေးချွန်

စီစဉ်ပူဇော်သည်

www.dhammaransi.com

သုဝဏ္ဏသျှမ်
သာသနာပြုစာစဉ်
၇၄-သာယာအေးလမ်း၊ ၃-ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း-၆၆၀၆၇၀

www.dhammaransi.com

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ သက္ကရာဇ် ၂၀၀၀၊ ဇန်နဝါရီလ
**တန်ဖိုး** - ၂၀၀ ကျပ်
**အုပ်ရေ** - ၁၀၀၀ အုပ်
**မျက်နှာဖုံးဒီဇိုင်း** - ဝင်းမြင့်ဦး
**မျက်နှာဖုံးဖလင်** - *Eagle*
**အတွင်းဖလင်** - ဦးထွန်းဆိုင်

**ထုတ်ဝေသူ**
ဦးဝင်းဖေ (၂၈၅–ယာယီ)၊ စာတည်းမှူးချုပ်၊ စာပေဗိမာန်အဖွဲ့
အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (မြ–၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် ၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးကျော်ငွေး (မြ– ၀၂၇၇၃)၊ ရွှေဇင်ကျော် အော့ဖ်ဆက်
အမှတ် ၂၅၁၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ကွန်ပျူတာစာစီ** - ခွန်မျိုး
**စာအုပ်ချုပ်** - ကိုဂျမား

**ထုတ်လုပ်ရေးအဖွဲ့**
နန်းခမ်းဖေါင်နှင့် နန်းရွှေအေး

**စာအုပ်ဖန်တီးမှု**
အောင်ကျော်မြင့် (ဗလ)

**အထက်မြန်မာပြည်ဖြန့်ချိရေး**
နဂါးစာပေ

www.dhammaransi.com

# သုဝဏ္ဏသျှမ်
## သာသနာပြုစာစဉ် - ၁

### အမှာစကား

အဖကိုယ်စား သာသနာထား၍
အမိကိုယ်စား နိုင်ငံထား၍
ချစ်သားပြုစု လုပ်ကျွေးမှုဖြင့်
နှရာမှ ရင့်၊ ရင့်ပြီးပွင့်အောင်
ကျင့်ဆောင်အားသစ်ရပါစေ...။ ။

မောင်သွေးချွန်

www.dhammaransi.com

## ဒို့တာဝန် အရေးသုံးပါး


| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.dhammaransi.com



မဟာဗောဓိမြိုင်ဆရာတော်
ဝန္ဒါသိဥယျာမွေ့သာစိတော်

www.dhammaransi.com

နမော တဿ ဗုဒ္ဓ ပိရတ္တု၊

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီ ဦးဇယျမမွသာမိထေရ်

# အပ္ပမာဒ၏ သဘောတရား

မောင်သွေးချွန်
စီစဉ် ပူဇော်သည်။

www.dhammaransi.com

# ကျေးဇူးမော်ကွန်း

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်
ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏
လက်ရေးစာမူကို ကူးယူပေးပို့ခဲ့သော
နတ်တလူ သာသနာပြုအသင်းကြီး၏
အတွင်းရေးမှူး ဦးဝင်းဆွေနှင့်
အကျိုးတော်ဆောင် ဂေါပကလူကြီးများအားလုံးအား
လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း
ဖော်ပြအပ်ပါသည်။

မောင်သွေးချွန်
သုဝဏ္ဏသျှမ် သာသနာပြုစာစဉ်
၁၉-၁၀-၁၉၉၉

www.dhammaransi.com

# မာတိကာ


- အပ္ပမာဒ၏သဘောထား
- အစွဲသည်လမ်း
- လမ်းနှစ်လမ်း
- စာရင်းလည်း စစ်ပါ၊ စာရင်းသစ်လည်း ဖွင့်ပါ
- သေရွာပြန် ဟန်ရပန်ရဖြစ်သွားကြပါစေ
- လူ့ဘဝနေလျက်က လူ့ဘဝသေနေခြင်း
- နေနှင့် လူသား
- ဘယ်က လာ၍ ဘယ်ကိုပြန်မည်လဲ
- လာရာလမ်းသို့ တန်းမတ်စွာ
- လူလိုနေမှ လူလိုသေရမည်
- လိပ်ဘဝမှ ဖားဘဝသို့ ကူးဝင်သွားခြင်း
- မဟာသီဝ မထေရ်ကြီး၏ ယုံကြည်ချက်
- ဟိုးသကမှ အင်္ဂုလိမာလသို့
- ကြဲကို ချက်၍ သကြားထွက်စေအံ့
- လာရာလမ်းမှ ဖဲ့ထွက်ခြင်း
- ပမာဒနှင့် အပ္ပမာဒ ခရီးတာ အရှေ့နှင့်အနောက်ပမာ


**သုဝဏ္ဏသျှမ်စာစဉ်**

www.dhammaransi.com

## အပ္ပမာဒ၏ သဘောထား

အပ္ပမာဒေါ အမတံ ပဒံ

ပမာဒေါ မစ္စုနော ပဒံ

အပ္ပ မတ္တာ နမိယန္တိ

ယေ ပမတ္တာ ယထာမတာ။

မသေရခြင်း၏ အကြောင်းခံတရားကား မမေ့ခြင်းတည်း။

သေရခြင်း၏ အကြောင်းခံတရားသည်ကား မေ့မေ့နေခြင်းတည်း။

အကြင်သူတို့သည် မမေ့။

ထိုသူတို့ကား သေသော်မှလည်း သေကြမည်မဟုတ်ကြပါကုန်။

အကြင်သူတို့သည်ကား မေ့ကြပါကုန်၏။

ထိုသူတို့အဖို့ကား မသေသော်မှ သေသည်နှင့် ဘာမျှမခြားနားကြလေကုန်။

ဘုရားရှင် ရွှေလက်ထက်တော်က…

ကောသမ္ဗီပြည်ဝယ် ဘုရင် ဥတေနမင်းစော စိုးစံ၍နေချေရာ

www.dhammaransi.com



ငှင်းဝယ် သာမာဝတီ၊ မာဂဏ္ဍီ စသည့် မိဖုရားများ အများအပြား ရှိလေ၏။

ထိုတွင် …

သာမာဝတီကား ဘုရင်ကိုယ်တိုင် အလိုတော်ကျ၍ သိမ်းပိုက်ခံထားရသော ဘုရင်ချစ် မိဖုရားတစ်ပါးတည်း။

မာဂဏ္ဍီကား ဦးရီးတော်စူဠမာဂဏ္ဍီ ဆက်သသဖြင့် ဘုရင် လက်ခံထားရသော ဦးရီးတော်ကြိုက် ဘုရင်ပိုက် မိဖုရားတစ်ပါးတည်း။

ဤသို့လျှင် အခြေခံကွဲ မိဖုရားတွဲ ဖြစ်နေကြပါ၏။

တစ်ဖန်လည်း …

မာဂဏ္ဍီကား သူမအား မိဘနှစ်ပါးတို့က ဘုရားသို့ ပေးစားလေရာ ဘုရားရှင်ကား ပေးတိုင်း မစားသည့်အပြင် သူမကို ပိုးလောက်တို့ မှီခိုရာ အိမ်ကြီးအဖြစ် မသတီစရာ စက်ဆုပ်ရွံရှာဖွယ်ရာအဖြစ် အပြစ်ပြကာ မှိုချိုးမျှစ်ချိုး ချိုးဖွဲ့နှိပ်နယ်တော်မူလိုက်ရာမှ ဘုရားရှင်အား ရန်ငြိုးထားလျက်က ကလဲ့စားချေရန် စောင့်ဆိုင်းနေသူတစ်ဦးတည်း။

သာမာဝတီမှာမူကား ကျွန်မ ခုဇ္ဇုတ္တရာ(ခါးကုန်းမ ဥတ္တရာ)၏ တရားနာကြားမိချေရာက ဘုရားရှင်အား မမြင်ဖူးပါဘဲလျက်က ကြည်ညိုသဒ္ဓါပွား ဖူးမြော်ခွင့်ရရန် စောင့်စားနေလေသူတစ်ဦးတည်း။

ဤသို့လည်း ဤတို့နှစ်ဦးကား ကွဲပြားခြားနားကြပါသေး၏။

တစ်နေ့ …

ထိုတစ်နေ့ကား ဤမိဖုရားနှစ်ပါး မိမိတို့စိတ်ဖဝါးထား တာစူထားရာဘက်များဆီသို့ ဘဝခရီးသွား တာထွက်သွားကြသော နေ့တည်း။

www.dhammaransi.com



သာမာဝတီသည်...

(က) မာဂဏ္ဍီ မကြိုက်သော ဘုရားရှင်အား ဖူးမြော်ဦး ခိုက်မှု လှူဒါန်းမှုက တစ်မှု၊

(ခ) မာဂဏ္ဍီ အလွန်ကြိုက်လှသော ဥတေနမင်းစောက သာမာဝတီအား အရေးပေးခံရမှု ချီးမြှောက်မှုက တစ်မှု၊

ထိုနှစ်မှုကို တစ်ပေါင်းတည်းကျခံစေသောအားဖြင့် ယင်းသာမာဝတီနှင့် တကွ နောက်လိုက် အပေါင်းပါ မိဖုရား(၇၀၀)တို့အား ဥတေန၏ မျက်ကွယ်ဝယ် မီးလောင်တိုက်သွင်၍ အဆုံးစီရင်လိုက်ချေသည်။

တစ်ဖန် ဥတေနမင်း ပြန်လည်ရောက်ရှိလာသောအခါ မာဂဏ္ဍီနှင့် နောက်လိုက်အပေါင်းပါ ဆွေမျိုးအားလုံးတို့အားလည်း ၎င်းကြိုက် မိဖုရားများကို မီးစာကျွေးလိုက်ပါသည်ကို ပြစ်ဒဏ်ပေးသောအားဖြင့်–

မာဂဏ္ဍီမှအပ ကျန်နောက်လိုက်အပေါင်းပါ ဆွေမျိုးအားလုံးတို့ကို ကိုယ်တို့ကိုကား မြေကျင်းထဲဝယ် မြှုပ်၊ လည်ပင်းနှင့်ဦးခေါင်းများကိုသာ မြေပေါ်ဝယ် ဖော်ထုတ်ထားလျက်က အလွန်အသွားထက်လှသော သံထွန်သွားတပ် ထွန်များဖြင့်–

မညီမညာသော ကုန်းကမူများကို တိုက်ဆွဲ ဆွဲချလေသည့် ပမာ...

မြေမြှုပ်ကျောက်ခဲတုံးများကို နှံ့ချွတ်တိုက်ချွတ်ပေးနေသည့် ပမာ မသေမချင်း ထွန်ယက်သတ်ဖြတ်ခြင်းကို ခံယူကြရပါကုန်၏။

တစ်ဖန် မာဂဏ္ဍီကိုကား မိမိ၏ရှေ့မှာ လက်သပ်မွေး အရေးပေးထားမိမှု၊ တစ်ဖက်သားသို့ မိမိနှင့်တန်းတူမထား ကိုယ်ချင်းစာ

www.dhammaransi.com



တရားခေါင်းပါးမှု…ထိုနှစ်မှုတို့ကို တစ်ပေါင်းတည်း ကျခံစေသောအားဖြင့်–

အသားစားကျူး ဆာလောင်မှုဘီလူး ပူးနေသူ၏ သားတစ်ကိုလည်းကြော်လှော်၊ ဒယ်အိုးပေါ်မှာပင် ကော်စားနေပါသည့်ပမာ…

ကိုယ်သားကိုပင် သတ်ဖြတ် ကိုယ်တိုင်ပင်လှျင် ဖိုခွင်နားကပ်ကာ စားသောက်နေပါသည့်ပမာ…

အများတို့မြင်ကွင်း နန်းရှေ့မြေသလင်းဝယ် ဆီချက်ဒယ်အိုးကြီး တည်စေလျက်က မိမိ၏ပေါင်သားစသည်များကို မိမိပင်ဓားဖြင့် လှီးဖြတ်၊ လှီးဖြတ်ပြီး ကြော်လှော်ကာ စားသောက်ပြရင်း သေခင်းထဲသို့ ချဉ်းနင်းဝင်ရောက်စေပါသည်။

ထိုသာမာဝတီတို့အုပ်စု၊

ထိုမာဂဏ္ဍီတို့အုပ်စု၊

ထိုအုပ်စုနှစ်ခုတို့၏ သေလမ်းခရီးသွားကား မတူညီကြချေ။

(က) သာမာဝတီအုပ်စုကား ဘဝဝဋ်ကြွေး ပေးဆပ်သွားခြင်းနှင့် အဟောင်းကြွေး ပေးဆပ်သွားကြခြင်းတည်း။

(ခ) မာဂဏ္ဍီအုပ်စုကား ကာမဝဋ်ကြွေး ကိုယ်ဖြင့်စတေးရပြီး အသစ်ကြွေး ယူငင်သွားကြခြင်းပင်တည်း။

ထိုအုပ်စုနှစ်ခုတို့၏ စိတ်နေဖဝါးထား ဦးတည်ပုံအရာများလည်း မတူညီကြချေ။

ညီမတော်တို့…

ငါတို့တစ်တွေ သည်လိုမီးလောင်တိုက်သွင်းလျက်က အသက်ရှင် အနာခံကြရခြင်းမှာ ညီမတော်မာဂဏ္ဍီ၏ အပြစ်လုံးဝမပါပါ။ စင်စစ် ငါတို့၏ နောက်ခံဘဝဝဋ်ကြွေးကြောင့်သာ ဖြစ်ကြရပါသည်။

www.dhammaransi.com



သို့ကြောင့် ညီမတော်မာဂဏ္ဍီဆီသို့လည်း စိတ်မစေစား၊ မိမိ၏ ခန္ဓာကိုယ်ကို မီးဝါးမျိုနေပါသည်ကိုလည်း အလကားမထားဘဲ မီးနှင့် ခန္ဓာအကြား ရှာန်စိတ် ဉာဏ်စိတ်သွင်း မြှုပ်နှံထား လျက်က အသက်အသေခံကြပါကုန်စို့။

ဤကား သာမာဝတီ၏ စိတ်သွားလမ်းကား...

ရက်စက်ကြပါလေရဲ့ အာဏာပါးကွက်သားတို့ရယ်...

ငါသည် မင်းမိဖုရားဆိုသည်ကို ဒင်းတို့အသိပင် ဖြစ်ကြလျက်က ငါ့အား ခားမိုး၊ တုတ်ထမ်း၊ အကြမ်းအရမ်းဖြင့် ခိုင်းစေနေကြ၏။ ဒင်းတို့လည်း တစ်နေ့ သို့မဟုတ် တစ်နေ့ ငါ့လက်တွင်း သက်ဆင်းကြရလေသောအခါ ငါကဲ့သို့လျှင် ခံကြစေရမည်။

ဤကား မာဂဏ္ဍီ၏ စိတ်ထွက်ခရီးစဉ်။

ထိုအုပ်စုနှစ်ခုတို့ ထိုသို့ပင် မတူကြလေသောကြောင့်...

(၁) သာမာဝတီတို့အုပ်စုကား အချို့ကား အနာဂါမ်အဆင့်ထိ ခရီးဆက် ဖြဟ္မာ့ပြည်အထိ ထွက်သွားကြလေကုန်၏။ အချို့ကား သကဒါဂါမ်လောက် ခရီးပေါက် နတ်ပြည်တစ်ထောက်နားလျက်က ရှိကြလေကုန်၏။

(၂) မာဂဏ္ဍီတို့အုပ်စုကား အချို့ကား ကြောက်ဒေါသ၏ လွှမ်းမိုး နှိပ်စက်ခြင်း၊ မိဘဆွေမျိုးတို့ကို တမ်းတအားကိုးခြင်းများဖြင့် ခရီးပြင်း နှင်ကြရာ တိရစ္ဆာန်ဘဝ ပြိတ္တာဘဝ ရောက်ကြရရှာကုန်၏။ အချို့ကား ဘုရင့်အပေါ်၊ အာဏာပါးကွက်သားများအပေါ် ရှေ့ဆောင် မာဂဏ္ဍီနှင့်ဦးရီးတော်တို့နှစ်ဦးအပေါ် ကြမ်းဒေါသ၏ လွှမ်းမိုးနှိပ်စက်ခြင်း၊ စိန်ခေါ်သံ တက်ခေါက်သံများကို အင်အားအဖြစ် အသုံးချခြင်းများကြောင့် ငရဲခန်းသို့သာ တန်းသွားကြရှာကုန်၏။

www.dhammaransi.com



အထက်ပါ သေလမ်းသွား သတင်းများကို ဆွမ်းခံရင်းက ရဟန်းတော်များ ကြားသိခဲ့ကြရလေရာ နေ့ခင်း ခမ္မသဘင်ဝယ် ပုစ္ဆာတစ်ခု အသွင် ထင်ရှားလာစေတော့၏။ ဘုရားရှင်အကြွ ထိုရဟန်းတော်များက မေးခွန်းဖြင့် စကြပါတော့၏။

အရှင်ဘုရား...

ကောသမ္ဗီပြည်မှာ မာဂဏ္ဍီ မိဖုရားနှင့် အပေါင်းပါတို့ကြောင့် သာမာဝတီမိဖုရားနှင့် နောက်ပါ (၇၀၀) တို့ မီးအလောင်ခံခဲ့ကြရပါသည်။

တစ်ဖန် ဥတေနမင်းစောနှင့် အာဏာပါးကွက်သားများကြောင့်လည်း မာဂဏ္ဍီမိဖုရားနှင့် ဆွေမျိုးအားလုံး ဦးခေါင်းဝယ် သံထွန်များဖြင့် ဆွဲခြစ်လျက်က အသက်အပါခံသွားကြရပါသည်။

ထိုအုပ်စုနှစ်စုတို့တွင်...

မည်သည့်အုပ်စုက သေ၍ မည်သည့်အုပ်စုက ရှင်ပါသနည်း ဘုရား။

ဤအမေးစကားကို ဘုရားရှင်သည် အထက်ပါ "အပ္ပမာဒေါ အမတံ ပဒံ" အစချီဖြင့် ဖြေကြားတော်မူခဲ့ပါသည်။ သတိကိုလျှင် အသက်သွင်းလျက်က သေလမ်းဘက် ခရီးဆက်ပါသော် သေလည်းပဲ မသေ၊ နေလည်းပဲ မသေပြီ။

သတိသည် သေခြင်း နေခြင်း နှစ်ပါးကို၏ အကြောင်းရင်းဖြစ်ကြသော ကာမ၊ ဘဝ၊ အပါယ သုံးပါးတို့နှင့် မဆက်ဆံသောကြောင့်...

သတိလွတ်ကင်း မောဟမင်းကို အသက်သွင်းလျက်က သေလမ်းဘက် ခရီးဆက်နေသော်ကား မသေခင်လည်း အသေ၊ သေလျှင်လည်း အသေသာပင်။

www.dhammaransi.com



မောဟသည်ကား နေခြင်း သေခြင်း နှစ်ပါးတို့၏အကြောင်းရင်း ဖြစ်သော ကာမ၊ ဘဝ၊ အပါယ သုံးပါးစလုံးကို ဖန်ဆင်းပေးတတ်သောကြောင့်...

ဤကား ဘုရားရှင်ဟောကြားသော "အပ္ပမာဒေါ အမတံ ပဒံ" အစရှိ ဂါထာတော်၏ လိုရင်းအချက်တည်း။

www.dhammaransi.com

# အစွဲသည်လမ်း

သတ္တဝါတိုင်း…

ဘဝခရီးကို ဖြစ်စေ၊ ဘဝခရီးရှည်ကြီးကို ဖြစ်စေ ကိုယ်၊ စိတ် နှစ်ပါး နှစ်ကောင်က, နွားပမာ အတိုင်၊ အလှည့်အရာလား သွားလာ ရာ၌ ဥပါဒါန်ဟူသော အစွဲသည်ပင် လမ်းတည်း။

မျက်မှောက်ဝယ် ကိုယ်က လှုပ်ရှား စိတ်က စားလျက်က ကုန်း၊ ရေ၊ လေ လမ်းများသို့ ခရီးဆက်ရာ၌လည်း အစွဲ၏ ခရီးစဉ် ပေးထား သည့် လမ်းအတိုင်းသာ သွားလာနေကြရပြီး ကိုယ်လှုပ် နှုတ်ဖွင့် စိတ် အကြံဆင့်တို့ဖြင့် ကိစ္စတစ်ခု တစ်ခု ကျင့်ကျင့်ပေးနေကြရပါသည်။

သံသရာဝယ် စိတ်ကအလား ကိုယ်က သွားရောက်ကာ ဘဝ တစ်ခု တစ်ခု ဖြစ်ပေါ်လာရာ၏ သံသရာခရီးဘက် သက်ရာ၌လည်း ထိုအစွဲ၏ စဉ်ပေးထားသည့်လမ်းအတိုင်းသာလျှင် သွားလာခွင့်ရကြ ပါသည်။ သို့ကြောင့်လျှင် အစွဲအလမ်းဟူ၍ သုံးနှုန်းထားသည်မဟုတ် လော။

တစ်ဖန်လည်း သတ္တဝါများသည် မိမိစွဲလမ်းတမ်းတရာ ဝတ္ထု

www.dhammaransi.com



ကို ဖြစ်စေ၊ အာရုံမှုဖြစ်စေ၊ ဘဝတစ်ခုဖြစ်စေ လက်ရလက်မိ တွေ့ထိ ရလေသောအခါ အစွဲကို တန်ပြန်အကြောင်းခံထား "ဥပါဒါန ပစ္စယာ တဏှာ" တပ်စွဲ သာယာခြင်း ပီတိ စိတ်ဝယ် ထိကြောင့် လန်းဆန်း ခြင်းများ ဖြစ်ပေါ်စေသဖြင့် အစွဲအလမ်း ဟူ၍လည်း ဆိုရချေသေး ၏။

ဤဒွိကား အစွဲကို လမ်းအဖြစ်ထားခြင်းက နေရာယူထားမည်။

ထိုလမ်းသည် ရုပ်သွားလမ်း မဟုတ်၊ စိတ်သွားလမ်းမျှသာ ဖြစ် ချေရာ...

(က) ဤလူ့ဘဝမှနေ အထက် နတ် ဗြဟ္မာဘုံတို့သို့ တက်ရာ ၌လည်း ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း လမ်းများ ထားရန် မလိုချေ။

(ခ) ဤလူ့ဘဝမှနေ အောက် အောက် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဘုံတို့သို့ သက်ရာ၌လည်း ကား၊ ရထား၊ ရေယာဉ်၊ လေယာဉ်များ ငှားရမ်းရန် မလိုပါချေ။

စိတ်သည် ရုပ်ပြဝတ္ထုအထင်လမ်းသို့ မခိုလှုံ၊ စွဲရာ၏ အာရုံ လှိုင်းများသို့သာ ခိုလှုံကာ စီးနင်းလိုက်ပါတတ်သောကြောင့်တည်း။

ထိုစိတ်သွားရာနောက်သို့...

(က) အစွဲက စီမံခန့်ခွဲပေးလိုက်သော ဘဝဖြစ်စဉ်လည်း ပါ သွားမည်၊ ဘဏ်ဝယ် ငွေသွင်းထားခဲ့ပြီး ငွေကိုယ်စား ချက်လက်မှတ် များ ထိုငွေရှင်၏ နောက် ပါသွားသည့်ပမာ။

(ခ) အစွဲက စီမံခန့်ခွဲပေးလိုက်သော ဉာဉ်၊ စရိုက်၊ ဝါသနာ များလည်း ပါသွားမည်၊ ချက်လက်မှတ်ဝယ် ငွေသွင်း ဂဏန်းများ ပါ သွားသည့်ပမာ။

www.dhammaransi.com



သို့ကြောင့်လျှင် …

လောကကြီးကို စိတ်ဖြင့် ဖန်ဆင်းထားသည်။

လောကကြီးကို စိတ်ဖြင့်ပင် ဆွဲငင်ယူလိုက်သည်။

ရှင်စောဘုရား ဟောကြားတော်မူခဲ့သည်မဟုတ်ပါလော။

www.dhammaransi.com

# လမ်းနှစ်လမ်း

ထိုစိတ်သွားလမ်းသည် သေလမ်းနှင့် မသေလမ်းဟူ၍ နှစ်ပါး ရှိစေသည်။

ထိုတွင်...

သေလမ်းကိုကား အမှတ်မဲ့ သတ္တဝါတို့ သွားလာနေကြပြီး၊

မသေလမ်းကိုကား အမှတ်ရှိ သတ္တဝါ အနည်းအကျဉ်းမျှသာ သွားလာနေကြပါ၏။

အမှတ်မဲ့သတ္တဝါကား သညာအမှတ်က စွဲထင်ပေးထားသော လမ်းအတိုင်းသာ ချဉ်းနင်းလေ့ရှိ၏။ သူဖောက်လမ်းဟူ၍ မရှိ။

အမှတ်ရှိသတ္တဝါများမှာမူကား သတိအမှတ်က အမှားအမှန် အကောင်းအဆိုး အကြောင်းအကျိုး ခွဲပြထားသည့်အတိုင်းသာ သေလမ်းသို့ သွားလေ့ရှိ၏။ ထိုသို့သွားခြင်းသည်ပင် မသေလမ်း သွားသည် မည်၏။ သူကိုယ်တိုင် ဖောက်လုပ်ထားသောလမ်း ဖြင့်သာ သွားလာ ကျက်စားခြင်း တည်း။

www.dhammaransi.com



အမှတ်မဲ့ လူသားတို့၏ တစ်နေ့တာပြုကျင့်မှုများသည်...

မကောင်းမှုကို ဖြစ်စေ၊ ကောင်းမှုကို ဖြစ်စေ ပြုကျင့်လေတိုင်း စိတ်တခြား ကိုယ်တခြား ထား (စိတ်နှင့် ကိုယ် ပစ္စုပ္ပန်တည့်တည့်ဝယ် တစ်ထပ်တည်း ကပ်မထား) အာရုံကို ခံစားနေပါသည်။

သို့ကြောင့်လျှင် ကိုယ်ကြိုက်ရာ အကောင်းထင်ကာ အာရုံ၏ ဆွဲငင်ရာနောက် တကောက်ကောက် လိုက်လံခံစားနေပါသည်။

သို့မဟုတ် စိတ်လှုပ် ကိုယ်လှုပ်လျက်ကလည်း ခံစားချင်ပါလျက်နှင့် မျိုသိပ် အောင့်အည်းထားခြင်းလည်း ရှိပါသည်။ သို့ကြောင့်လျှင် တစ်ပွဲတိုး ထုံးမန်းပမာ တစ်အာရုံ တစ်ဝတ္ထုတို့အပေါ် တစ်ကြိမ် တစ်ခါမျှ ကင်းရန်အတွက် အာရုံလွှဲ၍ တလွဲကျင့် ကျင့်ကာ ဖြေဖျောက်ပေးနေတတ်ကြပါသည်။

ထိုနှစ်ခုစလုံး အစွန်းရောက် အကျင့်များချည်း ဖြစ်ကြချေ၏။ အာရုံပေါ်ဝယ် သညာပေးသည့်အတိုင်း လိုက်လံပြုကျင့်နေရခြင်းကြောင့် အကျင့်မှား၊ သူတစ်ပါးစိတ်ဖြင့်ချည်းသာ သူတစ်ပါးသို့ လိုက်လံ ပြုကျင့်နေခြင်းကြောင့်လည်း အကျင့်မှား၊ သူတစ်ပါး စိတ်ဖြစ်စဉ် သူတစ်ပါးအတွက် လိုက်လံပြုကျင့်ပေးနေရခြင်းကြောင့်လည်း အကျင့်မှားချည်း ဖြစ်ကြချေ၏။

ထိုသို့ ပြုကျင့်နေရာ၌...

(က) အစွဲသိသည် မျိုးစေ့ပမာ နောင်အခါ ဘဝရရန် သေချာနေပါသည်။

(ခ) ပြုကျင့်မှုက လယ်ကွက် ယာကွက်ပမာ နောင်အခါ ဘဝရရန် သေချာနေပါပြီ။

www.dhammaransi.com



(ဂ) စွဲလမ်းမှုက မိုးရေပမာ နှောင်အခါ ဘဝထွန်ရန် တွန်းအား ပေးနေပါမည်။

ထိုသုံးမျိုးတို့ဖြင့် ...

အမှတ်မဲ့ ကောင်းမှုပြုကျင့်မိသော် ကောင်းကျိုးပေး ကောင်း ဘဝများ ဖြစ်ကြလေသော လူ့ဘဝ နတ်ဘဝလမ်းသို့သာ တန်းမတ် စွာ သွားကြရရာ...

လူလိုနေ လူလို သေရဦးမည် မုချတည်း။

နတ်လိုနေ နတ်လိုသေရဦးမည်မှာလည်း ကိန်းသေတည်း။

အမှတ်မဲ့ဖြင့် မကောင်းမှုပြုကျင့်ရာ၌ကား ဆိုစရာစကားပင် မကျန်တော့ပြီ။

ခွေးလိုနေ ခွေးလိုသေရမည့် အသေက တစ်ခု၊

ကိုယ်ပိုင်ဘဝ သေဆုံးနေသည်က တစ်ခု။

ပေါင်း နှစ်ထပ်ကွမ်း သေမည်မလွဲတည်း။ သို့ကြောင့် အမှတ်မဲ့ သမားတို့၏ ကောင်းမှု၊ မကောင်းမှု အားလုံး သေဖို့ချည်းသာ ဖြစ်ကြ လေရာ မသေချင်ပါ ဆိုသောစကား မှုသားကြား ထိုးဝင်သွားတော့ ပြီ၊ အမှတ်ရှိသမားကား ထိုအားလုံးတို့နှင့် ပြောင်းပြန်တည်း။

www.dhammaransi.com

# စာရင်းလည်း စစ်ပါ စာရင်းသစ်လည်း ဖွင့်ပါ

သတ္တဝါတိုင်း…

အမှတ်မဲ့သမားဖြစ်စေ အမှတ်ရှိသမားပင်ဖြစ်စေ နေပြီးလျှင် သေ၊ သေပြီးလျှင် နေဟူသော နိယာမနှစ်ပါးသည် အစွဲအားလုံး မဆက်ရသေးမီ…

နာရီဒိုင်ကွက်ရှိ လက်တံနှစ်ခုတို့သည်…

တစ်မှစသော် တစ်ဆယ့်နှစ်ဝယ် အဆုံး၊ တစ်ဖန် တစ်ဆယ့်နှစ် ဂဏန်းဆုံးက တစ်ဂဏန်းသို့ ပြန်လှည့်၊ တစ်မှ ဆယ့်နှစ်၊ ဆယ့်နှစ်မှ တစ်ပမာ…

ဘဝတစ်ခု စ၍နေပြီးတိုင်း ဘဝတစ်ခုဆုံးအဖြစ် သေပေးကြ ရပါသည်။

ဘဝတစ်ခု ဆုံးပြီးတိုင်းလည်း တစ်ဖန် ဘဝတစ်ခု ပြန်စကြရပါ မည်။ ထိုသို့ အစနှင့်အဆုံး၊ အဆုံးနှင့် အစ နှစ်ခုရှိစေရာ ယခု သင် သည်ကား ယခင်ဘဝဆုံးခဲ့ပြီး ယခုဘဝ စခဲ့ပါပြီ။ ယခုဘဝအနေမှ အသေသို့ သွားလျက်ကပင် တစ်ဖန် နောက်ဘဝတစ်ခုဘက် ဆက် ရပါတော့မည်။

သုဝဏ္ဏသျှမ်းစာစဉ်

www.dhammaransi.com



ထိုသို့ ဘဝတစ်ဖက် ဆက်ရာ၌...

(က) သင်သည် ခြေလျင်ခရီးဖြင့် သွားမည်လော၊ သို့တည်းမဟုတ် ယာဉ်ကိုစီးနင်းလျက်က သွားမည်လော။

ယာဉ်စီးသွားပြီ ဆိုပါစို့၊ ထိုယာဉ်ထက်ဝယ်...

(ခ) အိပ်လျက်က လိုက်ပါမည်လော၊ သို့တည်းမဟုတ် နိုးနိုးကြားကြားဖြင့် လိုက်ပါမည်လော။

နိုးနိုးကြားကြားဖြင့် လိုက်မည်ဆိုပါစို့၊ သင်သည်...

(ဂ) လက်မဲ့ဖြင့် လိုက်မည်လော၊ သို့တည်းမဟုတ် လက်ဆုပ်လက်ကိုင်များဖြင့် လိုက်ပါမည်လော။

လက်ဆုပ်လက်ကိုင်ဖြင့်သာ လိုက်ပါမည် ဆိုပါစို့။

(ဃ) ကိုယ့်ပစ္စည်း လက်ထဲထားမည်လော၊ သို့မဟုတ် သူတကာ့ပစ္စည်း လက်ထဲဆုပ်ကိုင်သွားမည်လော။

အထက်ပါ မေးခွန်းလေးမျိုးတို့ကို သင် ယနေ့ဒိဋ္ဌဒက်ထိ သင်ပြုကျင့်လျက်ရှိသော သင့်အမူအကျင့်များကို ခဲထား၍ ဖြေကြားပါလေ။

ထိုမေးခွန်းများကား...

(က) ကောင်းမှု မကောင်းမှု ဘာမျှမပြုမိသော အချိန်ကာလ၊ ဘဝ (ဥပမာ–အိပ်မောကျနေချိန်မျိုး) တို့ကား ယာဉ်မဲ့ဖြစ်သော လမ်းသွားနေခြင်း။

ကောင်းမှု မကောင်းမှု ပြုမိသော အချိန်ကာလ ဘဝတို့ကား ဝိဇ္ဇာယာဉ်၊ အဝိဇ္ဇာယာဉ် စီးနင်းကာ သေလမ်းသွားနေကြခြင်း။

(ခ) သတိ ပညာမဲ့ဖြင့် ကောင်းမှု မကောင်းမှုပြုမိနေသော အချိန်ကာလတို့ကား အိပ်လျက်က၊ သတိပညာ ဦးစီးက နိုးနိုးကြားကြား။

www.dhammaransi.com



(ဂ) ကောင်းမှုကို လူ့ဘဝနတ်ဘဝမျှ သာယာတောင့်တပြုမိချေက လက်မဲ့၊ ဗောဓိငါးမျိုး တစ်မျိုးမျိုး ရွယ်ကိုက လက်ဆုပ်လက်မဲ့။

(ဃ) အစွဲမပြုတ် ကာမလက်ငုတ်သို့သာ ကျရောက်နေက သူ့ပစ္စည်း၊ အစွဲလည်းပြုတ် ဘဝလက်ငုတ်ပါ နုတ်သတ်မိသွာက ကိုယ့်ပစ္စည်း။

ဤကား မေးခွန်းများ၏ ရည်ညွှန်းချက်တည်း။

အထက်ပါမေးခွန်းများကို သင်လက်ရှိပြုကျင့်ဆဲ ဉာဉ်ဝါသနာ စရိုက်များနှင့် တိုက်ဆိုင်ကြည့်မိသော် သင်ကာ စာရင်းစစ်ပြီ ဖြစ်နေပြီ။

သွားလမ်း မှန်,မမှန် စစ်ဆေးနေခြင် ဖြစ်၍ စာရင်းစစ်။

အစွဲလိမ် အာရုံလိမ်များကို နိမ်နင်းနေခြင်းဖြစ်၍ စာရင်းအစစ်။ သင့်ဉာဉ် သင့်ဝါသနာ သင့်စရိုက်ထားများကို အဆိုဘက်မှအကောင်ဘက်သို့၊ အမှတ်မဲ့မှ အမှတ်မိသို့ ပြောင်းထည့်ပေးမိခဲ့ပါသော် သင်ကား စာရင်းသစ်လည်း ဖွင့်လျက်ရှိနေချေပြီ။

www.dhammaransi.com

# သေရွာပြန် ဟန်ရပန်ရ ဖြစ်သွားကြပါစေ

နေဝင်တော့မည်။

တစ်နေဝင်သော် နေအိမ်နှင့်ရွာကို ပစ်လျက်က စီးပွားနှင့် ဝမ်းစာတို့ ရှာမှီးရာ စားကျက်ဘက် ခရီးထွက်ခဲ့ကြသူများအဖို့ အိမ်နှင့်ရွာသို့ တစ်ခါပြန်ကြရပေဦးတော့မည်။

လူ့ဘဝသည် ကံရိက္ခာ ရှာမှီးရာ စီးပွားရေးစားကျက်တည်း။

လူ့ဘဝသည် ဈာန်ဝမ်းစာ၊ ဉာဏ်ဝမ်းစာ ရှာမှီးရာ အကွက်တည်း။

ဤ၌...

(၁) ဤလူ့ဘဝထဲသို့ ရောက်လာခါစ ကလေးဘဝကား... နေထွက်ချိန်၊

(၂) အပျိုဖော် လူပျိုဖော်ဝင်လာပြီဖြစ်သော ၁၅-၁၆ အရွယ်ကား...ဆွမ်းခံဝင်ချိန်၊

(၃) နှစ်ဆယ်ဝန်းကျင်(ဤခေတ်)အိမ်ထောင်ကျကာလကား နေထန်းတစ်ဖျား၊

www.dhammaransi.com



(၄) အသက် ၄၀ ဝန်းကျင် သားသမီး ထွန်းကားရာကာလ ကား...နေမွန်းတည့်၊

(၅) အသက် ၆၀ ဝန်းကျင် အင်အားဆုတ်ယုတ်စကာလကား နေမွန်းလွဲ၊

(၆) အသက် ၇၀ ဝန်းကျင် ကာလဆိုလျှင်ကား...နေစောင်း သွားပြီ။

(၇) ထို့ထက်အလွန် မသေမီ အသက် အပိုင်းအခြားကာလများ ကား...နေဝင်ပါတော့မည်။

ဤခေတ်ကား ပျမ်းမျှ ၇၅ နှစ် သက်တမ်းတိုကာလတည်း။

အထက်ပါ ဘဝ၏ နေထွက်၊နေဝင်ဇယားကို လေ့လာသုံးသပ် လျက်က သင်သည် နေဝင်ခါးနီးသမား ဖြစ်နေခဲ့သော်...

အိမ်ပြန် မျက်နှာပန်းလှရန် ရိက္ခာနှင့်ဝမ်းစာ နှစ်မျိုးတို့ကို တက် သုတ်ရိုက် ရှာမှီးသင့်ပြီ။

မသေဘဲလျက်က သေမျိုးဘဝမှ သေသော်မှ မသေမျိုးဘဝသို့ ထိုးဆိုက်သွားရန် ငယ်မူစရိုက် ရိုက်ချိုးပစ်သင့်ပြီ။

ထိုသို့ ပြင်ဆင်ခြင်း၊ လဲလှယ်အစားထိုးခြင်း နှစ်မျိုးတို့ဖြင့် ကြိုးစားသွားပါသော် သင့်အိမ်ပြန်လမ်းကား...

ဟန်မရသော်မှ ပန်လောက်တော့ ကျနိုင်သည်။

ပန် မကျသော်မှ ဈာန်လောက်တော့ ရနိုင်သေးသည်။

ဤမျှဆိုလျှင်ပင် သေရွာပြန် မျက်နှာပန်းလှရော့မည်။

www.dhammaransi.com

# လူ့ဘဝ နေလျက်က လူ့ဘဝ သေနေခြင်း

လူဟူသော မြန်မာဝေါဟာရစကားသည် မနုဿဟူသော ပါဠိစကားမှပင် ဆင်းသက်လာ၏။

ထိုမနုဿကို အဓိပ္ပာယ်ဖော်ကြည့်သော်...

* အကျိုးရှိ အကျိုးမဲ့ကို သိပိုင်နေခြင်းသည် မနုဿ၊
"အတ္ထာ နတ္ထံ မနတိ ဇာနာတီတိ မနုဿော"

* အပြစ်ရှိ အပြစ်မဲ့များကို သိပိုင်နေခြင်းသည် မနုဿ၊
"ကုသလာ ကုသလံ မနတိ ဇာတာတီတိ မနုဿော"

ထိုသို့ အကျိုးနှင့်အပြစ် စိစစ်ခွဲခြားနိုင်လေသူ၌ အကျိုးမရှိ အပြစ်မဲ့မျိုးများကိုသာ အားထုတ်၍ အကျိုးမဲ့ အပြစ်ရှိများကိုကား ရှောင်ရှားသွားနိုင်တော့ရကား...

ကောင်းကျိုးစေတနာ အရှိန်သတ္တိများ၏ တွန်းပင့်အားများကြောင့်၊

ကြွေးကင်း နောက်ကြောင်းရှင်းဖြင့် သွားလမ်းသာနေခြင်းကြောင့်၊

www.dhammaransi.com



အလံတံခွန်တို့သည် လေ၏ပင့်အား၊ ပင်ကို၏ ပေါ့ပါးအားများကြောင့် ကောင်းကင်ဝယ် တလွင့်လွင့် တလူလူ တက်နေသည့်ပမာ။

လူ့အဆင့်နိမ့်မှ လူ့အဆင့်မြင့်သို့ တလူလူတက်ခွင့်ရသွားစေပြီ။

လူ့ဘဝမှ နတ်ဘဝတို့သို့ တလွင့်လွင့် တလူလူ တက်ခွင့်ရသွားပြီ။

လူ့ဘဝမှ ဗြဟ္မာ့ဘဝတို့သို့ တလွင့်လွင့်တလူလူတက်ခွင့်ရသွားပြီ။

ဤသည်ပင် လူ၏ သရုပ်အဓိပ္ပာယ်မှန်တည်း။

ထိုသရုပ်ကို စံထားလျက်က သင့်ကိုယ်သင် အဖြေထုတ်သင့်ပြီ။

(၁) သင်သည် မွေးကင်းစမှ ဆယ်နှစ်အတွင်း အမှတ်မဲ့ (အမှားကျင့်နှင့် အမှတ်ရှိ (အမှန်ကျင့်) ဘယ်ဒင်းလုပ်မိနေသနည်း။

(၂) တစ်ဖန် ပျော်ချိန် ပါးချိန်ဖြစ်သော အပျိုဖော် လူပျိုဖော်ဘဝအတွင်း၌လည်း အမှတ်မဲ့နှင့် အမှတ်ရှိဘယ်ဒင်းလုပ်မိနေသနည်း။

(၃) ထိုမှတစ်ဆင့် ခြေချော် လက်ချော် လင်ကောင်ပေါ် မယားကောင်ပေါ်သွားသော အိမ်ထောင်ကျစ ဘဝတွင်လည်း အမှတ်မဲ့နှင့်အမှတ်ရှိ ဘယ်ဒင်းလုပ်နေမိသနည်း။

(၄) ထိုမှတစ်ဆင့် သားသမီးရ အိမ်ထောင်ဝန်ပိကျနေသောကာလအတွင်းမျိုးတွင်လည်း အမှတ်မဲ့နှင့် အမှတ်ရှိ ဘယ်ဒင်းလုပ်မိနေသနည်း။

(၅) ထိုမှတစ်ဆင့် သားသမီးတို့ ကြည့်ပျော်ရှုပျော် ရှိလာချိန်

www.dhammaransi.com



ကာလ သားဇော သားမာန်၊ သမီးဇော သမီးမာန်ထနေသော ကာလမျိုးတွင်လည်း အမှတ်မဲ့နှင့် အမှတ်ရှိ ဘယ်ဒင်းပြုကျင့်နေမိသနည်း။

(၆) ထိုမှတစ်ဆင့် ထိုသား ထိုသမီးတို့သည် သားချင်းတော်တွေထက် သွေးချင်းစပ်သို့ တပ်မက်သွားသည်က တစ်ကြောင်း၊ ဆွေမျိုးထက် ငွေမျိုးမက်သွားသည်က တစ်ကြောင်းများကြောင့်...

မိဘ ကျောပေး အကြိုက်ပေးရာနောက် ကောက်ကောက်ပါသွား၍ သာ ပစ် သမီးပစ် အဘိုး အဘွားချည်း ကျန်ရစ်ခဲ့သောအခါမျိုးတွင်လည်း အမှတ်မဲ့နှင့်အမှတ်ရှိ ဘယ်ဒင်းပြုကျင့်နေမိလေသနည်း။

ဤကား အသက်တမ်းဖြင့် ပိုင်းပြစစ်မေးထားခြင်း။ တစ်ဖန် ထိုအရွယ်အားလုံးတို့၏ အချိန်များတွင်လည်း တစ်ရက်တာ၏ အချိန်ပိုင်းသည် နေ့နှင့် ညဥ့်ဟူ၍ နှစ်မျိုးရှိချေရာ...

ညဥ့်သည် အိပ်မောကျကာလမျိုးများသာ ဖြစ်ရကား အမှတ်မဲ့ လူ့အသိဉာဏ်မဲ့အချိန်များချည်း ဖြစ်နေပါသည်။ သို့ကြောင့် ထိုညဥ့်ဟူသည့် ရက်တစ်ဝက်ကို လူစာရင်းထဲမှ ပယ်ဖျက်ရပါတော့မည်။ လူဟူသော အမည်နှင့် မလိုက်ဖက်တော့ခြင်း၊ အထက်တက်ပိုင်ခွင့် အရှိန်သတ္တိများ လုံးဝကင်းမဲ့နေတော့ခြင်းများကြောင့်တည်း။

တစ်ဖန် ကျန်နေ့တစ်ဝက်တွင်လည်း...

နိုးထစဝယ် အမှတ်မဲ့နှင့် အမှတ်မိ ဘယ်ဒင်းဖြင့် ထသနည်း။

(အမှတ်မဲ့က သညာသိ အစွဲသိ အကူဖြင့် လှုပ်ရှားမည်။

အမှတ်မိက ပညာသိ ကွဲသိ အကူဖြင့် လှုပ်ရှားမည်။)

ထိုမှတစ်ဆင့် အိပ်ရာသိမ်း မျက်နှာသစ် စသည် ပြုစရာကိစ္စအားလုံးတို့၌လည်း အမှတ်မဲ့နှင့် အမှတ်မိ ဘယ်ဒင်းလုပ်မိနေသနည်း။

တစ်ဖန် မိမိတို့ဝမ်းစာရှာဖြစ်စေ ပညာရှာဖြစ်စေ အလုပ်ခွင်

www.dhammaransi.com



မဝင်မီကာလများရှိ နံနက်စာ စီမံ၊ နံနက်စာ စား စသည်များ၌လည်း အမှတ်မဲ့နှင့် အမှတ်မိ ဘယ်ဒင်းဖြင့် ဆောင်ရွက်နေသနည်း။

www.dhammaransi.com

# နေနှင့်လူသား

နေဝင်သွားပြီ။

လူတို့သည် သွေးကလည်း အေး အရေးကလည်း အခြေမပေ တော့သည်က တစ်ကြောင်း မွေးညင်းပေါက်များ တစ်စတစ်စ ပိတ် သွားကြပြီဖြစ်ရကား ဝမ်းတွင်းနေ အပူနှင့်အပုပ်များ ပြင်ပသို့မတို ဦးခေါင်းသို့သာ ဆောင့်ထိုး ထိုးသည်က တစ်ကြောင်း၊ ထို့ကြောင့် အိပ်စက်သွားကြရ၏။

- အပူအပုပ်အားကြီးသူက အအိပ်ပိုကြီးမည်။
- အပူအပုပ် နည်းပါးသူက အအိပ်နည်းမည်။

ညဥ့်အိပ်ချိန်ဝယ်...

တစ်နေ့တာ သွင်းယူထားသော အပူအပုပ်များကို ဘဝင်လေ မထ ကိလေသာလည်း မကြွခြင်းကြောင့် ဝင်လေနှင့် ထွက်လေ နှစ် ရပ်တို့သည် နှာသီးမှချက်တိုင်၊ တစ်ဖန် ချက်တိုင်မှသည် နှာသီးသို့ ပုံမှန်ရှူသာရှိုက်သာခွင့် ရနေကြပါသည်။ ထိုစဉ်...

www.dhammaransi.com



ထွက်လေဝယ် ဝမ်းတွင်းအောင်း အပူအပုပ်ဟောင်းများကို စုပ်ထုတ်သွားပြီ။

ဝင်လေဝယ် ပြင်ပရှိလေကောင်းလေသန့်များကို ထည့်သွင်းပေးနေပြီ။

သို့ကြောင့် ကိုယ်ကောင်ကြီးသည် တစ်စတစ်စ အပူမှအအေးသို့ ပြောင်းလဲလာပြီး နှမ်းရာမှလည်း လန်းလာနေပါသည်။ ထိုမှတစ်ဆင့်...

အပူအပုပ်ကင်း၍ ဝမ်းသန့်ရှင်းလာသော်၊

အနှမ်းကုန်သွားပြီး အလန်းချည်း ပုံကျလာသော်၊

ထိုအချိန်သည် လူသားတို့ နိုးကြားချိန်တည်း။

အကယ်တိတိ...

အပူအပုပ်တို့ကလည်း မကုန်သေးမီ၊ အလန်းကလည်း မပုံသေးမီ အချိန်တွင် တစ်စုံတစ်ခုသော အသံမျိုး အနှိုးများကြောင့် လန့်နိုးနိုးသွားက စိတ်လည်း မကြည် ကိုယ်လည်း မအီမသာပင်။

ဋ္ဌင်းသဘာဝယုတ္တိများကို ထောက်ဆ၍ လူသားတို့၏ အိပ်ရာထ လန်းဆန်းတက်ကြွလာခြင်းများသည်...

အိပ်၍ အားရှိသွားခြင်းကြောင့် မဟုတ်၊

ဝင်လေ ထွက်လေမှန်၍ အပူ အပုပ်ကင်းစင်သွားခြင်းကြောင့်သာ။

ဤကား နေဝင်ချိန်ကာလ လူသားတို့သဘာဝများပေတည်း။

နေထွက်လာပြီ။

(က) ထိုနေသည် ထွက်စဝယ် မပူသေး၊ လူတို့လည်း အေးအေးဆေးဆေး။

www.dhammaransi.com



(ခ) နံနက် (၈) နာရီခန့်ဝယ် နေပူစပြုလာ၏။ လူတို့လည်း လှုပ်ရှားစ ပြုလာကြပြီ။

(ဂ) နေ့လယ်ဝယ် နေကား ပူပြင်းလှပြီ၊ လူတို့လည်း အလုပ်ဝယ် အပူတပြင်း။

(ဃ) နေစောင်းသွားရာ အပူကျလာပြီး လူတို့လည်း နားစပြုလာကြပြီ။

(င) ညနေ (၅) နာရီခန့်ဝယ် နေရောင်ပင် ညှိုးပြီ၊ လူတို့လည်း အလုပ်သိမ်းကြလေပြီ။

ထိုသို့သော နေ၏ကျီစယ်ကစားခြင်းကို ခံနေရချိန်မျိုးတို့၌လည်း သင်သည် အမှတ်မဲ့နှင့် အမှတ်ရှိ ဘယ်ဒင်း လုပ်နေမိသနည်း။

ဤကား အချိန်ပိုင်းဖြင့် မေးစစ်ထားခြင်း။

အထက်ပါ အရွယ်စစ်တမ်း အချိန်စစ်တမ်းနှစ်ရပ်တို့ကို စေ့စေ့စပ်စပ် သုံးသပ်လျှင် အမှတ်မဲ့များကသာ ဖုံးလွှမ်းထားပါသည်ကို တွေ့ကြရပါမည်။

အမှတ်မဲ့နောက်ဝယ် ရာဂ၊ ဒေါသ စသည် ကြိုက်စွဲ မကြိုက်စွဲကိလေသာ အခုအခံများ များစွာပါဝင်နေသည်ကို သတိပြုပါလေ။

(က) ဒါနဟူသော ကောင်းမှုများသည် ငါ့ပစ္စည်းဟူသော ရင်ဝကို စူးဝင်နေသည့် ဒိဋ္ဌိ တဏှာ အရိုးစွပ် အသွားတပ်ဓားကို ဆွဲနုတ်ရာ လက်နက်ဖြစ်ခြင်းကြောင့် စွန့်လွှတ်ခြင်းကို တာဝန်ယူရ၏။

(ခ) သီလ ဟူသော ကောင်းမှုများကလည်း မြင်ရာကြားရာ စသည်များမှ အမှတ်မဲ့ သတိလွှတ်နေစဉ် အမည်ပြော၍ အစွဲကို နှိုး အကောင်းပြော၍ အကြိုက်ကို ဆွနေပါသည်ကို တားဆီးရာလက်နက်ဖြစ်ခြင်းကြောင့် စောင့်စည်းမှုဣန္ဒြေကို တာဝန်ယူရ၏။

www.dhammaransi.com



သို့တစေလည်း...

အမှတ်မဲ့သမား၏ ဒါနမှု၊ သီလမှု လမ်းထားသည် ငါ့စွဲလည်း မကင်း၊ စောင့်စည်းခြင်းလည်း မပါရှိစေရာ အစွဲ၏ ဆွဲငင်အားကို မရုန်းနိုင်ရကား အဘယ်မှာ လူဖြစ်ပါအံ့နည်း။

အမှတ်မဲ့၏ ဒါနသည် လျှုရာဝယ် အသိစိတ် မကပ်တတ်။

ကပ်သော်မှ ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ် တစ်ခုခုပေါ်ဝယ် နားနေတတ်လှ၏။

သို့ကြောင့် ဘုရားရှင် ဝတ်ပြုစဉ် ဩကာသ တစ်ပုဒ်လုံးဆုံးသည် အထိ ဘုရားရှင်ထံ စိတ်မှန်မှန် မရောက်တတ်။

ဆွမ်းတော်ကပ်စဉ် "အရဟတာဒိ" အစချီ ဆွမ်းတော်ကပ် တစ်ပုဒ်လုံး ဆုံးသည်အထိ ဘုရားထံ စိတ်ပြည့်မရောက်တတ်။

သည့်အတူ သံဃဒါနဆွမ်းလောင်းလှူရာ ဆွမ်းကျွေးရာ စသည် ကောင်းမှုစုံ အကုန်ပြုရာ၌လည်း ကိုယ်နှင့်စိတ် တစ်ထပ်တည်းမကျခြင်း၊ ငါ ဝတ္ထု ပုဂ္ဂိုလ်များသို့ ငြိကပ်နေခြင်းများကြောင့် ကောင်းမှု စစ်စစ်ကား မဖြစ်နိုင်ပြီ။

သို့ဆိုသော် အမှတ်မဲ့ လူသားတို့၏ တစ်နေ့တာပြုကျင့်မှုသည် မကောင်းမှုဖြစ်စေ ကောင်းမှုပင်ဖြစ်စေ မြစ်ခြေမပါသော သစ်ပင်များ ပမာ ရှင်သန်ရန် အလွန်ခက်ပါမည်။ အညွန့်ထွက်ရန် ပွင့်ရန် သီးရန် များလည်း ဝေးနေမည်သာ ဖြစ်ပါမည်။ သို့ကြောင့် တလူလူ တလွင့်လွင့် တက်ခွင့်သာသော လူသားဟူ၍ မဆိုသာပြီ။

အမှတ်မဲ့ လူသားတို့၏ ထိုတစ်နေ့တာသည် မသိမှု မောဟနှင့် တကွသော ကိလေသာလောင်းရိပ်မိနေတော့ခြင်း ကောင်းလမ်းပါ ဆိုးလမ်းပဲဟူ၍ သဲသဲကွဲကွဲ သိပိုင်မှု မရှိတော့ခြင်း။

www.dhammaransi.com



ထိုအချက်နှစ်ချက်ကို ထောက်ဆလျက်...

လူစာရင်းထဲမှ ပယ်ဖျက်ရပါမည်။ လူပင်ဖြစ်လျက် လူသက်ကင်းသူများဟူ၍သာ ကမ္ပည်းရေးထိုးရပါတော့မည်။

www.dhammaransi.com

# ဘယ်က လာ၍ ဘယ်ကို ပြန်မည်လဲ

အမှတ်မဲ့၏ နောက်ကွယ်ဝယ် ရာဂ၊ ဒေါသ၊ မောဟ စသည့် ကိလေသာတို့ ကြီးစိုးကြိုးကိုင်နေပါသည်ကို နောက်က ပြောပြခဲ့ပြီးပြီ။

ထိုထိုကိလေသာသံယောဇဉ်တို့တွင် ရေသောက်မြစ်အကြောင်းရင်းကြီးများကား ရာဂ၊ ဒေါသနှင့် မောဟတို့ သုံးခုသာ အဓိကဖြစ်ရာ ကျန်တို့ကား ၎င်းတို့အကျိုးပေးရာ၌ ထိုက်သင့်သလို ဝင်ပါကြမည်ဖြစ်ပါသည်။ သို့ကြောင့် ဤ၌ ယင်းသုံးခုကိုသာ ပြဆိုပါမည်။

'လောဘော လဋ္ဌန သဘာဝတော
ယေဘုယျေန ပေတာယံ ဂစ္ဆန္တိ။'

လောဘသည် ရင်ကပ်အား ဆွဲငင်အား အလွန်အမင်း ပြင်းထန်ခြင်းကြောင့်၊

လောဘသူဌေး လက်သပ်မွေးတို့သည်...

အများအားဖြင့် ဆွဲရာသို့ကပ် ပြိတ္တာဖြစ်တတ်သည်၊ သို့မဟုတ် ဇယားဆွဲ သားဆွဲ အယူထားလွဲခြင်းကြောင့် ပြိတ္တာဘုံသို့ ခိုလှုံကြပါကုန်။

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



ရာဂစရိုက် ခေါ် အကြိုက်ကျင့်အကျင့်များထားလေသူသည် ဆန်ဆေးရည်တို့ဖြင့် သွေးထားသော ဧကရာဇ်မြစ်သည် တစ်ဖက်က အရက်၏ အလွန်ပြင်းရှ ဆိုး၀ါးနေပါသည်ကို ပကတိရေအလား တားနိုင်သည်ပမာ၊ တစ်ဖက်က မည်မျှယုတ်မာနေသူဖြစ်ပါစေ မိမိက အကောင်းထင် အမြင်ဆန်းနေလျှင် ငမ်းဖမ်းနေတတ်လှပါသည်။

တစ်ခုကို တစ်ခါကြည့် နှစ်ခါကြည့် ကြည့်ခွင့်ရရုံမျှဖြင့် အားမရ၊ သူ့ဆီသို့ အခါခါပင် မျက်စိကျ တမ်းတနေပါမည်။

ကြည့်ပြီးရုံနှင့်လည်း အားမရ၊ ကြည့်ပြီးနောက် သူ့အသံခံစားကြည့်လိုမှုများက အပ်ချမတ်ချထပ်ကျလာတတ်ပါသည်။ တစ်ဖန်အသံကြားခွင့်ရပြန်လျှင်လည်း တစ်ခါပေါ်တစ်ခါထပ် အခါလည်း မပြတ် အပတ်ခံနေတတ်ပြန်ပါသည်။ ထိုသို့...

အရုပ်မြင် အသံကြား မျက်စိနှင့်နား နှစ်ပါးစုံ အာရုံပွားသွားလေသောအခါ နမ်းလိုမှုအထိ အမိခံရပါတော့မည်။ နမ်းခွင့်ရပြန်ပါတော့လည်း နမ်းတိုင်းကြိုက်၍ ကြိုက်တိုင်းနမ်းနေပါတော့မည်။

ရုပ်မြင်သံဖမ်း အနမ်းအထိ အဖိခံထားရသော စိတ်သည် သူ့အရှိထိတွေ့ကာ အရသာခံစားလိုမှု ထိုနှစ်ခုတို့က စုပေါင်းလှုံ့ဆော်ကြတော့ရာ သူကြိုက်ပေးလျက်က ကိုယ့်အကြိုက်ယူခြင်း အောက်ကျခံလျက်က မိမိဘ၀ကို ပေါင်နှံလိုက်တော့ခြင်းအထိ အဖိခံလိုက်ပါကော့သည်။

သို့ကြောင့်ပင်...

အာရုံငါးစင်းတို့ကို တံခါးငါးစင်းတို့မှ သွင်းယူကာ လည်စင်းခံလိုက်ရာ တွေ့တိုင်းဆွဲ– ဆွဲတိုင်းတွေ့ဝယ် မေ့မျောပါသွားပါ

www.dhammaransi.com



တော့သည်။ တွေ့တိုင်းလည်း မွေ့ မွေ့တိုင်းလည်း တွေ မြင် မေ့နေပါတော့သည်။

ထိုအခါ ...

အရက်မူးသမား ခါးမှပုဆိုးကျွတ်သည်ကိုပင် မသိတော့သည့် ပမာ အတွေ့နောက် အမေ့ကောက် ပါသွားပါတော့သဖြင့် တစ်ခေါက်နှင့်လည်း အားမရ၊ တစ်ပေါက်နှင့်လည်း အားမရ စပြီ နောက် မဆုံးရတော့ပါပြီ။

ကြည့်ရာမှ အသိ တံခါးငါးပေါက်အထိ လှည့်ပတ်သွားတော့သည်။

ကြားရာမှ အသိ အာရုံငါးပါးထက် ဖြန့်ကျက်သွားတော့သည်။

သို့ကြောင့် ...

ကြည့်မိ ကြားမိရုံမျှရှိသေး သူ့အနံ့ သူ့အရသာ သူ့အတွေ့များ အထိ အတွေးက လှည့်သွားတော့ရာ သူ့အရှိုင်ငြိလျက်က ရှိချေပြီ။

မျောက်နဲ့စေးသည် မျောက်ဖမ်းရာ၌ အလွန် အသုံးတည့်ပါသည်။ တောမုဆိုးသည် မျောက်တောသို့ဝင်ရာ၌ ထိုအစေးကို အသုံးချ၏။

ထိုအစေးကို နေထွက်ခါစ တစ်ခုသော ကျောက်တုံးဝယ် နေရောင်နှင့် ဟပ်လျက်က မျောက်တို့ရှိရာဘက် သုတ်လူ ၍ ပြသထားရာ...

ပထမ မျောက်ဖိုလ်ကြီးသည် လူလစ်သည်နှင့် ပင်ထက်မှ ဆင်းသက်၊ ကျောက်တုံးဘက် ပြေးထွက်သွားပြီး ယာလက်ဖြင့် ကိုင်ကြည့်၏၊ ထိုကိုင်ကြည့်သော ယာဘက်လက် မိလျက်က နေချေပြီ။

တစ်ဖန် ထိုငြိနေသော ယာလက်ကို ရုပ်သိမ်းနိုင်ရန် ဝဲလက်

www.dhammaransi.com



ဖြင့် ကျောက်တုံးကို ထောက်လိုက်ပြန်၏။ ထိုဝဲလက်လည်း နုတ်မရတော့။

တစ်ဖန်...

ထိုငြိနေကြသော ဝဲ၊ ယာ လက်နှစ်ဖက် လွတ်ထွက်လာရန် ယာခြေဖြင့် ကျောက်တုံးကို ဆောင့်ကန် ကန်လိုက်ပြန်၏။

ထိုယာခြေလည်း နုတ်မရတော့။

ထိုအခါ ဝဲ၊ ယာ လက်နှင့် ယာခြေတစ်ဖက် သက်သာလာစေရန် ကျန်ဝဲခြေဖြင့် ခပ်ဆတ်ဆတ်ကန်သွင်းလိုက်ပြန်ရာ ထိုဝဲခြေလည်း နုတ်မရပြီ။ သို့ကြောင့် ထိုမျောက် စိတ်ထန်လာ၏၊ မာန်လည်း ဝင်လာ၏။

သည့်တစ်ချီအသိဟော့ဆို့ကာ မငြိသေးသော ဦးခေါင်းဖြင့် အားကုန် တောင့်၍ ဆောင့်တိုက်၊ တိုက်လိုက်ချေတော့ရာ ခမျာပဥ္စငါးပါး မျောက်နဲ့စေးတို့အကြား ကားခနဲ့ထားပြီး ဖြစ်သွားပြီ။

မုဆိုးကား ပြုံးစေ့စေ့နှင့် အငြိမှဖြုတ် ထုတ်သတ်ပစ်လိုက်တော့သည်။

ထိုမှနောက် ကျန်သော မျောက်တို့သည်လည်း

သစ်ပင်၏ ပင်မြင့်ပေါ်မှ နေကြကာ နေရောင်၏ **အထိုး၊ မျောက်**နဲ့စေး၏ အနိုး ပြိုးပြိုးပြက်ပြက်သော အရောင်အခိုးကို ကြည့်ရာမှ အားမရကြ တစ်စတစ်စ သွားရောက်၍ တစ်ကောင်ပြီးတစ်ကောင် ကိုင်ကြည့်မိရာမှ ငြိခံလိုက်ကြရပြီး ထိုအငြိကို ဖြေသောအားဖြင့် လက်ထောက် ခြေကန် ဘယ်ညာပြန်တိုက်လျက်ကသာ ဦးခေါင်းစိုက်သွားကြရသည်ချည်းသာ။

**သုဝဏ္ဏသျှမ်တာစဉ်**

www.dhammaransi.com



သည့်ပမာလျှင်...

တစ်ဖက်အာရုံသည် မျောက်နဲ့စေးပမာ အဆန်းကြိုက် စွဲစိတ်သည် နေရောင်ပမာဖြင့် စိတ်ကို ညှို့ယူဖမ်းဆီးကာ သတ်ပစ်နေတတ်ရာ စိတ်ငြိသလောက် ကိုယ်အထိနာ ဘ၀ပါ ဆုံးရှုံးနစ်နာရပါသည်။

ထိုသို့ အထိနာနေသော်မှလည်း စိတ်သည် မျောက်အုပ်ကြီးပမာ တစ်ခါမှတစ်ခါ တစ်ခု၌ပင် အခါခါ ခါနေတတ်တော့ခြင်း၊

တစ်ခုမှတစ်ခု အခုခုတို့၌လည်း အခုခု ခုခုနေတတ်လှတော့ခြင်း၊

ထိုနှစ်စင်းတို့ကြောင့်...

အကြိုက်မိနေသူသည် မမြင်လိုက်နှင့် လိုချင်ရာလောက်သာ သိခွင့်ရတော့သည်။

မမြင်လိုက်နှင့် အကြိုက်ကျင့်လောက်သာ ကျင့်ခွင့်သာတော့သည်။

မမြင်လိုက်နှင့်ကြိုက်ရာနောက် ကောက်ကောက်ပါနေခြင်းကသာ နေရာယူတော့သည်။

ဤသည်ပင် လောဘ ဉာဉ်တည်း။

ဤသည်ပင် လောဘ စရိုက်တည်း။

ဤသည်ပင် လောဘ ၀ါသနာတည်း။

ယနေ့ သင်သည် မြင်ရာကြားရာ စသည်တိုင်းတို့၏ အပေါ်၀ယ် မိမိ လိုချင်ရာလောက်ကိုသာ ကွက်သိ သိနေသော် သင့်ဉာဉ်ကား ဘာဉာဉ်နည်း။ ဘာစရိုက်နည်း။ ထိုလိုချင်ရာနောက် တကောက်ကောက် ပါသွားခဲ့သော် သင့်၀ါသနာကား အဘယ်၀ါသနာမျိုးပေနည်း။

www.dhammaransi.com



မေးကြည့်၊ ဖြေကြည့်၊ သင်ကိုယ်တိုင် သင့်အခြေအနေ အဖြေ သိပေလိမ့်မည်။

ဒေါသော စဏ္ဍန သဘာဝတော
ယေသုယေျန နိရယံ ဂစ္ဆန္တိ။

ဒေါသသည် ကြမ်းတမ်းရက်စက် ထန်မြက်သော သဘာဝ ရှိခြင်းကြောင့်...

ဒေါသအိုးထမ်း စိတ်သရမ်းသမားတို့လည်း...

အများအားဖြင့် ညှဉ်းဆဲပုံကြမ်း ငရဲခန်းသို့ မြန်းရတတ်သည်၊ သို့မဟုတ် စေတနာအလိုက် ထိုက်သင့်သော အပြစ်ဒဏ် ခံယူကြပါကုန်။

ဒေါသစရိုက် ခေါ် မကြိုက်ကျင့် အကျင့်များ ထားလေသူသည်လည်း ထစ်ခနဲဆို ရှူးရှူးရှဲရှဲများဖြင့်သာ ဦးစွာတုံ့ပြန်တတ်၏။ ထို့နောက်တွင်မှ ဆဲသင့်ဆဲ ချွဲသင့်ချွဲ ပြုကျင့်၏။ တိုက်တန်တိုက်၊ ကြိုက်တန်ကြိုက် ပြုလုပ်၏။ ချူသင့် ချူ ယူသင့်ယူ ဆက်ဆံ၏။ အခါးချိုးခံထားသော ခံအိုးထဲသို့ ထန်း၏ပင်ကျရည် အချိုများ မည်မျှပင် ကျကျ ခါးသွားရသည့်ပမာတည်း။

ဒေါသသမားကား မည်မျှအာရုံကောင်းများနှင့် ထိုးမိပါစေ၊ တစ်ကြိမ်မှာ စွေကြည့်ကြည့်တဲ့ကာ ပြီးပြေသွားတတ်၏။ အင်မတိအင်မတန် ကောင်းနေသည်ကိုပင် ပြုံးပြရုံမျှရှိ၏။

သူ မနှစ်ခြိုက် သဘောချင်းမတိုက်သော မကြိုက်အာရုံမျိုး တိုးမိပါမူကား ယမ်းပေါ်မီးတောက်၊ မြွေဟောက် ဦးခေါင်းတုတ်နှင့်ခေါက်မိသည့်ပမာ စွေ့စွေ့ခုန် တုန်ခါတတ်လာတတ်၏။ တုံ့ပြန်မှုလည်း

www.dhammaransi.com



လက်မနေး၊ ရန်ငြိုး ရန်ခိုးများလည်း အတေးထားတတ်၏။ နောက်တစ်ချီ ထိုဝတ္ထုအာရုံနှင့် ပက်ပင်းကြုံ ကြုံရသော်...

မြင်မှ မမြင်ရသေး ယခင်ကြွေးဟောင်းဆီသို့ တိုက်ရိုက်ပြေးပြီ။

ကြားမှ မကြားရသေး ယခင်ကြွေးဟောင်း နံဘေး အပြေးလေး ရောက်သွားပြီ။

ရာဂကြီးသမားကဲ့သို့ အာရုံမျှင် ငါးစဉ်တိုက် လိုက်မနေပြီ။

ရာဂကြီးသမားကား နွားထီးဝှေ့နည်း ထွန်ပြီး ချိုသွေးပြီး ခွာယက်ပြီး နောက်မှ အမြီးမြှောက်ဝှေ့ကြမည်။

ဒေါသကြီးသမားကား နွားမဝှေ့နည်း ဘာဘာညာညာ အသံမပေး၊ သူ့နံဘေး ပြေးဆောင့်မည်။

မျှောက်သည် ငါးပိကို အလွန်မုန်း၏။

အကယ်တိတိ...လူတို့ကား ထိုမျှောက်၏ ဆော့ကစားခြင်းကို သည်းညည်းမခံနိုင်တော့သဖြင့် ထိုမျှောက်၏ လက်ဖဝါးမှာပင် ငါးပိဖြင့် တို့ပေးငြားသော် ထိုမျှောက်ကား ဆော့ကစားခြင်းအစား သူ့လက်ဖဝါးကိုသာ အရာဝတ္ထုဘစ်ခုခုဖြင့် ပွတ်တိုက်နေချေမည်။

လက်ဖဝါးစမ်း နမ်းကြည့် အနံ့ရနေသမျှ ပွတ်တိုက်မိချေ၏။

ငါးပိသုတ်သမား ငုံ့ကြည့် စိတ်မချိတိုင်း တကွိကွိ ရှုတ်ချနေဘိ၏။ သို့နှင့်ပင် လက်ဖဝါးလည်းပြဲ သွေးရဲရဲ သံရဲရဲနှင့်သာ။

သည့်ပမာလျှင် ဒေါသကြီးသမားလည်း အကောင်း ချောင်း မကြည့်သလောက် အဆိုးကိုကား ထောင်းလမောင်းထစွာ ကြည့်တတ်လှပါချေသည်။ ထိုဒေါသကြီးသမား၏ အစားအစာကား ချဉ်သော စပ်သော ပူသော အရသာမျိုး အခိုးထချည်းသာ ဖြစ်ချေရာ အဘယ်မှာ ငြိမ်ခံပါအံ့နည်း။

www.dhammaransi.com



သို့ကြောင့် မည်သည့်အာရုံမျိုးနှင့် တိုးမိ တိုးမိ ချက်ချင်းတုံ့ပြန်ဖို့သာ သူသိ၏။ အာရုံနှင့် ထိပ်ချင်းတိုက် ခိုက်ရန်ပွားဖို့သာ ကြိုးစား၏။ ရှူးရှူး ရှပ်ရှပ် အခိုးထုတ်ရသည်ကိုသာ နှစ်ခြိုက်၏။

ဤသည်ပင် ဒေါသသမား၏ ဉာဉ်တည်း။
ဤသည်ပင် ဒေါသသမား၏ စရိုက်တည်း။
ဤသည်ပင် ဒေါသသမား၏ ဝါသနာတည်း။

ယနေ့သင်သည်...

မြင်မိကြားမိ အာရုံတို့၏ အတို့အထိအပေါ် ကောင်းလျှင် ခေါင်းတစ်ချက် ညိတ်၊ ဆိုးသော် စိတ်တဆွေ့ဆွေ့ ခွေ့နေသော် သင့်ဉာဉ်ကား ဘာဉာဉ်နည်း။

မကြိုက်ရာသို့လိုက် တဇိုက်မတ်မတ် တိုက်ခိုက်နေက သင့်စရိုက်ကား ဘာနည်း။

မကြိုက်တိုင်း ခြိမ်းခြောက် ဟိန်းဟောက်နေပါက သင့်ဝါသနာကား ဘာလေနည်း။

လူသားတိုင်း၏ ယနေ့ ပစ္စုပ္ပန်ဆန္ဒသည် ကောင်းစားချင် ချမ်းသာချင်သည်ချည်း ဖြစ်ကြ၏။ ကောင်းစားရန် ချမ်းသာရန်လည်း ကြိုးစားနေကြ၏။

သို့တိုင် ဘာကြောင့် မကောင်းစား မချမ်းသာကြပါသနည်း။

အဖြေကား နောက်နောက်က ပါလာခဲ့ကြသော ဉာဉ်ဟောင်း စရိုက်ဟောင်း ဝါသနာဟောင်းများ၏ အထောင်းကို ခံနေရဆဲများကြောင့်ပင် ဖြစ်ကြ၏။ ထိုဉာဉ်၊ ထိုစရိုက်၊ ထိုဝါသနာတို့အပေါ် မိမိကလည်း ခင်တွယ်နေမိခြင်းများကြောင့်ပင် ဖြစ်ကြ၏။ ထိုဉာဉ်၊ ထို

www.dhammaransi.com



စရိုက်၊ ထိုဝါသနာများကို မစွန့်လွှတ်နိုင်ခြင်းက အဓိက ကျ၏၊ ဟုတ် မဟုတ် သင့်လုပ်ရပ် သင် သရုပ်ထုတ် ကုပ်ကြည့်လေ။

မောဟော မုယှန သဘာဝတော
ယေဘုယျေန တိရစ္ဆာနဂတာယံ ဂစ္ဆန္တိ။

မောဟသည် တွေဝေမိုက်မဲ ဘာကိုမျှ မဝေခွဲနိုင်တော့သော သဘော သတ္တိကြောင့်...

မောဟမှ ဖွား သကောင့်သားများသည်...

အများအားဖြင့် တိရစ္ဆာန်ဘဝများသို့သာ သွားရတတ်ချေသည်။ သို့မဟုတ် ကြက်မြင် ကြက်စိတ်ပေါက် ကြက်နောက်ပါ၊ ဝက်ကြည့် ဝက်ငြိ ဝက်သိ သိများကြောင့် ထိုကြက်ဘဝ၊ ဝက်ဘဝများသို့ သွား ကြပါလေကုန်။

မောဟစရိုက် ခေါ် မသိကျင့် အကျင့်များလေသူလည်း မသိ လျှင် မသိသည့်အလျောက် လိုက်ခြင်း တိုက်ခြင်းများ ပြုကျင့်နေတတ် ရာ ၎င်း၏စိတ်သည် အလမ္ပာယ်ဆရာ၏လက်ဝယ်ရှိ မြွေဆိုး တစ် ကောင် (ထိုမြွေသည် အလမ္ပာယ်ဆရာက ဖားရုပ်နှင့် ဖားသွေးပါ လက်ကို ဇော့ယမ်းလျက်က ပခြုပ်မှထုတ်သော် လျှာကလေး တစ်လစ် တစ်လစ် ပြူးရွှင်သော မျက်နှာသစ်ဖြင့် ခေါင်းထောင်ကာ ထွက်လာ တတ်ပြီး တစ်ဖန် အလမ္ပာယ်ဆရာက အလမ္ပာယ်ပြပြီးသဖြင့် ပခြုပ် တွင်း ပြန်သွင်းလိုသည့်အခါ မြွေပါရုပ်နှင့် မြွေပါသွေးပါ လက်တစ် ဖက်ကို အုပ်ကာ ကာလျက်က ပြလိုက်သော် ထိုမြွေသည်လည်း ညှိုး နွမ်းသော မျက်နှာသွင်ဖြင့် ပခြုပ်သို့ပြန်ဝင်သည့်) ပမာ တစ်ဖက်က ကောင်းကြောင်းပြောသော်၌လည်း ရောနှောကာ ပစ်တောက်ခံရ

www.dhammaransi.com



တတ်ပြီး တစ်ဖက်က တစ်ခုသော ဝတ္ထုအာရုံအပေါ် အပုပ်ချစကား ပြောက ၎င်းလည်း သူ့အထာသဘောကျကာ ရောနှော၍ အပုပ်ချ လာတတ်ပါသည်။ ဘုမသိ ဘမသိ (နိုင်ငံရေးသမားကြီးများ၏ ရှေ့သို့ ရောက်မိနေသော) ပရိသတ်ထုကြီးနှင့် အလွန်တူလှစွာ၏ ဆိုကလည်း မမှားတန်ရာပြီ။

ထိုမောဟလွန်သမားသည် သိုးပုပ်ချဉ်သိုး မူလအာနိသင် ပျက်အရသာမျိုးနှင့် ဖန်ခါးသတ္တိပြည့် အာဟာရမျိုးကိုသာ သုံးလေ့ရှိရာ နေ့းကန်လျှင် နေ့းကန် သို့မဟုတ် မြန်ဆန်လွန်းနေတတ်လှပါသည်။

နေ့းကန်လျှင် နှလုံးသွေးလည်ပတ်မှု အဆင့်မမီတတ်၊

မြန်လွန်းလျှင်လည်း နှလုံးသွေးလည်ပတ်မှု ပုံမှန်မဖြစ်တတ်။

သို့ကြောင့် ထိုမောဟလွန်သမားအဖို့ ၎င်းကိုယ်ပိုင်ဉာဏ်မပေါ်လွင်ချေ။ ဘာဆိုဘာမျှ ရေလှည့်ပတ်လှည့် တိတိပပ ဝေခွဲမပြတတ်ချေ။ သို့ကြောင့်လည်း ၎င်းသည် ကိုယ်ပိုင်မူ ကိုယ်ပိုင်ဝါဒဟူ၍ ဘာတစ်ခုမျှ မရှိလှပြီ။

ကိစ္စတစ်ခုကိုဖြစ်စေ အာရုံတစ်ခု ဝတ္ထုတစ်ခုကိုဖြစ်စေ မြင်မြင်ခါမျှ၊ ကြားကြားခါမျှ တစ်ခဏဖြင့်သာ ပြီးလွယ် စီးလွယ် ရှိတတ်လှပြီး နက်နက်နဲနဲ အတွင်းကျကျ တွေးတောကြံဆမှုတို့ ဝန်ထုပ်ကြီး တစ်ခုပမာ လေးဖင့်နေတတ်လှချေသည်။ တောကြက် တောငှက်တို့အနေအစားမျိုး မြတ်နိုးတတ်လှ၏။ ၎င်း၏ ဖြစ်ကတတ်ဆန်း ဝတ်စားဆင်ယင်ခြင်း၊ နေပြု စားပြုခြင်း လုပ်ကိုင်ပြုခြင်းများက သက်သေခံလျက် ရှိချေပြီ။

စိတ်သည် လွတ်လပ်စွာ နေလို၏၊ မည်သည့်အလေးအဖိကိုမျှ မခံလို။

www.dhammaransi.com



စိတ်သည် သွားလိုရာရာ သွားလို၏။ မည်သည့်ကန့်သတ်ချက်ကိုမျှ မခံလို။ မျောက်သည် အကောင်ကြီးတိရစ္ဆာန်မျိုး ဖြစ်သော်မှလည်း စာ၊ ငှက် စသည်များကဲ့သို့ အသိုက်အအုံ စနစ်တကျ ပြုလုပ်ကာ နေလေ့မရှိ၊ ပျား စသည်များကဲ့သို့ ရှေ့ရေးတွေးလျက်က အစာရေစာ စုဆောင်းမထား၊ ဖြစ်သလိုသာ နေ ဖြစ်သလိုသာ စား သော အမူအကျင့်သည် မျောက်တို့၏ မူပိုင်ဖြစ်၏။ ထင်ရာသွား ထင်ရာစား မျိုးကိုသာ မျောက်တစ်သက် လေ့ကျက်နေမိ၏။

သည့်ပမာလျှင် မောဟလွန်သမားသည်လည်း ရေစုန်မျှော၍ လိုက်နေသူပမာ ဘာဆိုဘာမျှ ယတိပြတ်မထားတတ်ပြီ။ လမ်းအတူ တူ သွားခြင်းဖြစ်သော်မျှ စိတ်စိုက်သွားရသော ရှေ့သွားမျိုး မကြိုးစား တတ်ဘဲ ရှေ့ခြေရာထောက်၍ နောက်လိုက်လောက်မျှသာ လိုက်ပါလိုတတ်၏။ သက်သာသည်ကိုသာ သူသိ၏။ သက်သာကျင့်ကိုသာ ကျင့်၏။ သက်သာရာနောက်သို့သာ ကောက်ကောက်ပါ လိုက်ပါလေ့ရှိတတ်၏။

ဤသည်ပင် မောဟသမား၏ ဉာဉ်တည်း။
ဤသည်ပင် မောဟသမား၏ စရိုက်တည်း။
ဤသည်ပင် မောဟသမား၏ ဝါသနာပေတည်း။

ယနေ့ သင့်ထံရှိ အမူအကျင့်တို့သည် ဤဉာဏ်၊ ဤစရိုက်၊ ဤဝါသနာမျိုးများမှ လွတ်ကင်းပါလေစ။

အေးအေးလူလူ ဟူသော စကားသည် ဤဉာဉ် ဤစရိုက် ဤဝါသနာ ရှိသူမျိုးများနှင့် မဆက်ဆံချေ။

ဤအမူအကျင့်မျိုးနှင့် သင့်တင့်စေသော စကားမှာ အေး အေး လူလူ မဟုတ်၊ အေးအေး ပူပူမျှသာ အဆင့်အတန်းမမီသော စိတ်နေ

www.dhammaransi.com

ကိုယ်ထား၏ ခရီးသွားကား အဘယ်မှာ လွင့်လွင့်လူလူ တာစားနိုင်ပါအံ့နည်း။

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com

# လာရာလမ်းသို့ တန်းမတ်စွာ

ပမာဒသ စတ္တာရော အပါယာ သကဂေဟ သဒိသာ။

စိတ်သော့ရာ ကိုယ်လိုက်စား မေ့မေ့လျော့လျော့ နေတတ်သူအား အပါယ်လေးအိမ်သည် ၎င်း၏ ကိုယ်ပိုင်အိမ်နှင့် ဘာမျှမခြားနား။

လူတို့သည် ကိုယ့်အိမ်ကို အချိန်မရွေး ဝင်နိုင်ပါ၏။

လူမရှိသေးလို့၊ ညမို့၊ နေ့မို့ အချိန်ရွေးနေစရာ မလိုအပ်ပါချေ။

စင်စစ် သတ္တဝါတို့၏ မူလအစ ဘဝသည် တိရစ္ဆာန်သာဖြစ်ဘိ၏။ တိရစ္ဆာန်သည် မသိခြင်း၊ မသိသည်အလိုက် လိုချင်ခြင်း၊ မသိသည်အလိုက် တိုက်ခိုက်ခြင်း၊ ဤဉာဉ်၊ စရိုက်၊ ဝါသနာ သုံးမျိုးတို့ကို ပျိုးထောင်ရာအစဖြစ်၏။ ထိုသုံးမျိုးတို့ဖြင့်ပင် ဘဝဟူသော လောကထဲ ဝင်ရောက်လာသည်ဖြစ်ရာ စင်စစ် ထိုသုံးမျိုးတို့သည် သတ္တဝါတိုင်း၏ ဘဝဖွားဖက်တော် သံသရာ့ဖွားဖက်တော်တည်း။

သတ္တဝါတို့၏ ဘဝသံသရာ လည်ပတ်ရာသည် ထိုသုံးပါးတို့သာ ကြောင်းရင်း ဖြစ်ချေသည်။

အကုသိုလ် ကိလေသာ သံယောဇဉ် စသည် အယုတ်တရား

www.dhammaransi.com



များ၏ ဦးစီးသည်လည်း ထိုသုံးပါးတို့ပင် အကြောင်းရင်း ဖြစ်ချေသည်။

ထိုသုံးပါးတို့သည်...

တိရစ္ဆာန်အဖြစ်မှသည် အပါယ်ဘဝအားလုံးအထိ အကျိုးသက်ရောက်စေတတ်ရာ လားရာကလည်း အပါယ်ဘုံ၊ ပြန်ရာလည်း အပါယ်ဘုံ ဆိုသည်ကား ယုံမှားစရာ မရှိ။ သို့ကြောင့် အပါယ်ဘုံသည် သတ္တဝါတို့၏ ကိုယ်ပိုင်အိမ်အစစ်၊ အပါယ်ဘုံသည် ထိုအကြောင်း သုံးပါး အားထားသူများ၏ ကိုယ်ပိုင်အိမ် အစစ်ပင်။

ထိုသုံးပါးတို့ကြောင့်ပင် သတ္တဝါတို့ မေ့ကြရပါကုန်၏။

ထိုသုံးပါးတို့သည်ကား အပူဓာတ် လွန်ကဲလှသောကြောင့်တည်း။

လူတို့၏ ကိုယ်ခန္ဓာဝယ် အပူဓာတ် လေးမျိုးရှိ၏။ ၎င်းတို့မှာ ဝမ်းမီးကို တောက်လောင်စေတတ်သော အပူဓာတ်၊ အရွယ်ကို ရင့်ကျက်စေတတ်သော အပူဓာတ်၊ ဖျားခြင်း နာခြင်းအထိ ဖိစီးပေးတတ်သော အပူဓာတ်၊ ကျောက် ဝက်သက် စသည် ပေါက်ရောက်သည်အထိ ဖိစီးပေးတတ်သော အပူဓာတ်ပင်တည်း။ ထိုတွင်...

နာဖျားခြင်းကသော်လည်းကောင်း၊ ကျောက် ဝက်သက် စသည်ကသော်လည်းကောင်း ဖိစီးနှိပ်စက်ခြင်းကြောင့် အိပ်ရာထက် အိပ်စက်နေရသော လူမမာသည် ထိုအပူဓာတ် သတ္တိများ ထူးကဲစွာ တက်ကြွလာခြင်းကြောင့် အလူးအလဲခံနေရစဉ်...

ရံတစ်ခါ အော်ဟစ်ညည်းတွားနေရသည်အထိ ခံရတတ်ပါသည်။

ရံတစ်ခါ သတိမရတစ်ချက် ရတစ်ချက်အထိလည်း ခံရတတ်ပါသည်။

www.dhammaransi.com



ရံတစ်ခါ သတိလုံးဝမရ မေ့မောလျက်က အထိ ခံရတတ်ပါ သည်။

သည့်ပမာလျှင် မသိခြင်း၊ အလိုကြီးခြင်း၊ အားမရခြင်း ဤ သုံးခင်းတို့ အညှဉ်းခံနေရသူသည်လည်း...

မသိ၍အကြိုက်မိရာမှ ကြိုက်မသိအထိ ခံနေရစဉ်၊

မသိ၍မိုက်မိရာမှ မိုက်မသိအထိ ခံနေရစဉ်၊

အစွဲနာလျှင် နာသလောက်ပင် မေ့လျက်က မျောပါသွားတတ် လှပါသည်။ စွဲရာငြိ၍ ထိတွေ့ခွင့်ရစဉ်၌ကား ပင်လယ်ကြော အစုန် လိုက် မျောပါနေသည့်ပမာ ကူးရခတ်ရမှန်းပင် မသိနိုင်တော့ပါပြီ။

ထိုကိစ္စ ရည်းစားဦး ထားမိရာဝယ် ထိုရည်းစားအပေါ် အစွဲကြီး သည်နှင့်အမျှပင် စိုးရိမ် စိတ်မချသောအပူ၊ အလိုကျ မရမည်ကို တွေး လျက်က ပူသောအပူ၊ မြင်ရကြားရဆဲ အလိုကြီးမှုကြီး၏ သွေးလှန့် သော အပူ၊ ထိုထို၌၌ အပူများ ဖိစီးစဉ် ခံနေရသူကိုကြည့် သိနိုင် ၏။

တစ်ဖန် ထိုရည်းစားကို အပြိုင်လုသူပေါ်ရာမှလည်းကောင်း၊ နှစ်ဖက် တစ်ဖက်ဖက်က သဘောမတူရာမှလည်းကောင်း၊ မိမိ၏ အင် အားနှင့် အစွမ်းသတ္တိပြ အနိုင်ရပြီး နောက်ပိုင်းကာလများကို ကြည့် သိနိုင်တော့၏။ ထိုသူမျိုး မမေ့၊ မည်သူသည် မေ့မည်နည်း။

ထိုအမေ့သမားတို့သည်...

အရှိကို မသိရာမှ အငြိပေါ်လာစဉ် မောဟစွဲ အစွဲနာတော့မည်၊ အကြိုက်မိရာမှ အငြိပေါ်လာစဉ် လောဘစွဲ အစွဲနာတော့မည်၊ အမိုက် မိရာမှ အငြိပေါ်လာစဉ် ဒေါသစွဲ အစွဲနာတော့မည်၊ အပူတွေ့၍အမေ့ သန်လေသူ၏ တစ်နေ့တာကာလသည်လည်းကောင်း၊ တစ်သက်တာ

www.dhammaransi.com



ကာလသည်လည်းကောင်း ထိုသုံးပါးတို့၏အစွဲမှတစ်ပါး အခြားအစွဲ မရှိပြီ။ ဝတ္ထုနှင့်အာရုံတို့ဘက်ကသာ ပြောင်းလဲကောင်း ပြောင်းလဲ မည်၊ မိမိဘက်မှာကား ထိုအစွဲသုံးပါးမျှသာတည်း။

ယနေ့ မရဏညောင်စောင်း လဲလျောင်းလျက်က သေမင်း အခေါ် စောင့်နေရပြီ၊ သေမင်းကလည်း မေ့တတ်သူအား ထိုသုံးပါး တို့ကိုပင် သူ့ကိုယ်စားလှယ်အဖြစ်ဖြင့် အခေါ်လွှတ်မည်။ ထိုစဉ် သေမည့်သူ၏ရှေ့၌ကား စည်းသုံးစည်းတို့က ဆီးသားလိုက်ကြပြီ။ ၎င်းတို့မှာ...

(၁) ငါသေရတော့မည်၊ ဤကား ပထမစည်း။

(၂) ငါ့မိသားစုနှင့် ခွဲရတော့မည်၊ ဤကား ဒုတိယစည်း။

(၃) သေခါနီးဝေဒနာက ပြင်းထန်စွာနှိပ်စက်နေမည်၊ ဤကား တတိယစည်း။

ထိုတွင်...

(၁) ငါသေရတော့မည်ဟူ၍ အတပ်သိ သိလေသူ၌ အပ္ပမာဒ ၏ သတိသမ္ပဇဉ် (ဘဝနှင့် ခန္ဓာအကြောင်း လောကအကြောင်းများကို ကောင်းကောင်းခွဲခြား) ဉာဏ်ဝင်စားမထားက ကြောက်စိတ်ပေါ်လာ တတ်ပါသည်။ ထိုစဉ်ဝယ် ဝိညာဉ်ချုပ်ပျောက်က ငရဲဘုံသို့ တိုက် ရိုက် ရောက်တော့မည်။ "အခြား အခြားသော ဒုစရိုက်ဓလေ့ စိတ်ဝယ် တွေ့နေစဉ်မျိုး ဖြစ်ခဲ့သော် ဆိုဖွယ်ရာ မရှိပါပြီ"။

(၂) ငါ့မိသားစုနှင့် ခွဲရတော့မည်ဟူ၍ အတပ်သိ သိလေသူ၌ လည်း ခင်မင်မှု၏ မခွဲလိုစိတ် ပေါ်လာတတ်ပါသည်။ ထိုစဉ် ဝိညာဉ် ချုပ်ပျောက်က မကျွတ်မလွတ်ဘဝ ပြိတ္တာဘုံဌာနသို့ လှလှကြီး ရောက် ရတော့မည်။

www.dhammaransi.com



(မှတ်ချက်။ ။ ၎င်းမိသားစုအပေါ်ဝယ် မကျေချမ်းစိတ်သော်လည်းကောင်း၊ စိုးရိမ်စိတ်မချ သောကဗျာပါရသော်လည်းကောင်း ဝင်နေဆဲဖြစ်က ထိုမိသားစုဟူသော အစွဲမှာသော်လည်းကောင်း၊ အားကိုးလိုစိတ်မျှသော်လည်းကောင်း ဝင်နေဆဲဖြစ်က တိရစ္ဆာန်၊ ဤသို့လည်း သွားရပါဦးမည်။ အသူရကာယ် ဘုံဌာနသို့လည်း ရောက်တတ်ပါသည်။)

(၃) တစ်ဖန် ဝေဒနာ၏ မီးစာကုန် ဆီခန်း၏ သဘာဝအတိုင်း အတိုက်ဓာတ်ဘက်ကသော်လည်းကောင်း၊ အခံဓာတ်ဘက်က သော်လည်းကောင်း လွှမ်းမိုးဖိစီးကာ တစ်သက်တာ အားပြိုင်မှု နောက်ဆုံးဗိုလ်လုမှုကြောင့် အလူးအလဲခံနေရစဉ် ထိုဝေဒနာကို ကျော်လွှားနိုင်သော သတိအင်အား မရှိသူများအဖို့ ပင်ကိုစိတ်ပျောက် တစ်သက်တာ ကာလ၏ စွဲစိတ်များချည်းသာ ရောက်လာပါမည်။

ထိုစဉ်...

ကြက်သားဟင်း စားစဉ်တုန်းက ကြက်စိတ်ပေါက်ကြက်နောက်ပါထားသော အစွဲက အလှည့်ကျ ဝင်လာစဉ် ဝိညာဉ်ချုပ်ပျောက်က ကြက်ဘဝရောက်ရပါမည်။

သည့်အတူ ဝက်စွဲက ဝက်ထဲ၊ နွားစွဲ၍ နွားထဲ၊ ငါးစွဲက ငါးထဲစသည် အလှည့်ကျ အစွဲအထင် အာရုံ၏ ဆွဲရာနောက် ကောက်ကောက်ပါ လိုက်ရပါတော့မည်။ သို့ကြောင့်...

လောကဝယ် ကြက်မျိုး ဝက်မျိုးဟူ၍ သီးခြားမရှိပါ။ လူ့ဘဝက ဆုံးရာဝယ် အစွဲမထွက်သူများ၊ သတိမရှိ မိရာငြိသူများ သွားရောက်ကာ အစွဲက ဖန်ဆင်းပေးထားသော ပုံအတိုင်း ရောက်ရသည့် ဘဝများချည်းဟူ၍ မှတ်ပါလေ။

www.dhammaransi.com



သည့်အတူ ငရဲကောင်၊ ပြိတ္တာကောင်၊ အသူရကာယ်ကောင်မျိုး များလည်း သီးခြားမရှိ အစွဲ၏ လမ်းလွှဲချည်း မှတ်ပါလေ။

သတိမရှိလေသူ အပူဇော့က အတွေ့နောက် ပါတတ်သည်။

အတွေ့သည် အငွေ့ဖြင့် မေ့ဆေးဖျန်း ဖမ်းတတ်သည်။

ထိုအမေ့သမားတို့အဖို့...

(က) အပြန်တွင်လည်း အပါယ်ဘုံဘဝဝယ် ကိုယ်ပိုင်ဘဝ ဆုံးရှုံးနစ်နာရခြင်း၊ မွေးရာပါ အခွင့်အရေး လုံးဝအပေးမခံရခြင်း၊ အဆင့်မြင့်သို့တက်ရာကိစ္စ လုံးဝပြုကျင့်ခွင့် မရတော့ခြင်းများကြောင့် ထိုဘဝမျိုးသည် ရှင်လျက်က သေနေကြသော အသေဘဝမျိုးဟူ၍ ဆိုရပါမည်။

(ခ) နေစဉ်ကာလတွင်လည်း ကြက်မြင် ကြက်စိတ်ပေါက် စသည်ဖြင့် လူစိတ်ကင်းနေတော့ခြင်း၊ ကြိုက်စိတ် မုန်းစိတ် မသိစိတ် စသည်တို့ ခြယ်လှယ်ရာ လိုက်ပါပြုကျင့်ပေးနေရခြင်းကြောင့် ကိုယ်ပိုင် ဘဝ မဟုတ်တော့ခြင်း၊ တိရစ္ဆာန်တို့ လက်သုံးဖြစ်သော လောဘ ဒေါသ မောဟများကိုသာ ကိုင်စွဲအသုံးချနေခြင်းများကြောင့် လူစိတ် ကင်းပျောက်နေတော့ခြင်း၊ ဤအချက်တို့ကို ထောက်ဆလျက်က လူဖြစ်လျက်က လူသက်မရှိကြလေသူများဟူ၍သာ ဆိုရပါမည်။ ရှင် လျက်က သေနေကြသော အသေဘဝမျိုး ဟူ၍လည်း ဆိုသင့်လှပါ သည်။

ထိုဘဝတွင်...

အစွဲတစ်ခုသည် ဘဝတစ်ခုသို့ ပို့မည့် မျိုးစေ့ဖြစ်ရာ...

(က) သင်သည် တစ်နေ့တစ်နေ့ ထိုမျိုးစေ့မျိုး မည်မျှအစွဲသိ
စုဘူးထဲ စုဆောင်းထားရှိပါသနည်း။

www.dhammaransi.com



(ခ) သင်သည် ငရဲ တိရစ္ဆာန် အပါယ်ခံဘဝမျိုး ရလိုမှုဆန္ဒ မည်မျှရှိပါသနည်း။

စင်စစ် ရလိုမှုနှင့်ပြုကျင့်နေမှုနှစ်မျိုးတို့တွင် ပြုကျင့်မှုကသာ လက်တွေ့ဖြစ်ရာ ထိုပြုကျင့်မှုအတိုင်းသာ ရရောက်ရမည်ကိုလည်း သင် သတိပြုခဲ့ပါလေ။

ဤကား အမှတ်မဲ့သမားတို့၏ သေရွာပြန်လမ်းတည်း။

www.dhammaransi.com

# လူလိုနေမှ လူလိုသေရမည်

လူဖြစ်စဉ် လူညဉ်ပေါ်မှ တော်ပေမည်။
လူဖြစ်ခိုက် လူ့စရိုက်မှ လိုက်ဖက်မည်။
လူဖြစ်ရာ လူ့ဝါသနာလာမှ နေ်ရာကျသည်။

သတ္တဝါတို့အစ တိရစ္ဆာန်ဘဝကဟူ၍ အထက်က ဆိုခဲ့ပြီးပြီ။ ထိုတိရစ္ဆာန်ဘဝမျိုးတို့သည် နိုင်ရာစား ဘဝမျိုးချည်း ဖြစ်ကြရာ…

ကိုယ်ကြိုက် ကြိုက်သလောက် လိုက်မှာလည်း သေချာသည်၊
ကိုယ်မကြိုက် မကြိုက်သလောက် တိုက်မှာလည်း သေချာသည်၊
ကိုယ်မသိ မသိသလောက် ငြိမှာကလည်း သေချာနေပြန်သည်။

ထိုစိတ်ထားသုံးမျိုးတို့ကပင် ဉာဉ်ဆိုး၊ စရိုက်ဆိုး၊ ဝါသနာဆိုး သုံးမျိုးတို့ကို မွေးထုတ်ပေးကြပြန်ရာ လူ့ဘဝ (ဧည့်သည်အဖြစ်) တစ်ခဏ ရောက်သော်မှလည်း ထိုဉာဉ် ထိုစရိုက် ထိုဝါသနာများကား လိုက်မြဲ လိုက်နေတော့သည်သာ။ သို့ကြောင့်…

www.dhammaransi.com



(၁) လူအဖြစ်သို့ တစ်ဘဝမျှ ခြေချမိစဉ် လူ့တိရစ္ဆာန်မျှသာ ရှိဦးမည်။

(၂) လူအဖြစ်ဖြင့် ဘဝများစွာအခါခါလာရသော်မှလည်း လူသာမန်မျှသာ ရှိဦးမည်။

(၃) လူလည်းဖြစ်၊ သာသနာ ကောင်း သူ**တော်ကောင်း**နှင့်လည်း ပေါင်းမိပါမှသာ လူစစ်စစ် ဖြစ်**မည်**။

**ထို**သို့ လူစစ် လူမှန်ဖြစ်ရန်မှာ သင့်ထံရှိ...

(၁) လက်ရှိလောဘကို အပ္ပမာဒသတိဖြင့် ပယ်ဖျက်ပေးမှ သဒ္ဓါဘက် သက်မည်။

(၂) လက်ရှိဒေါသကို အပ္ပမာဒ သတိဖြင့် ပယ်ဖျက်ပေးမှ ပညာဘက် ထွက်မည်။

(၃) လက်ရှိမောဟကို အပ္ပမာဒ သတိဖြင့် ပယ်ဖျက်ပေးမှ အတွေးအခေါ်ဘက် ဆက်မည်။

ဤသဒ္ဓါ၊ ပညာ၊ ဝိတက် သုံးမျိုးတို့ကား လူသုံးကုန်ပစ္စည်းသက်သက်တည်း။ သဒ္ဓါ၊ ပညာ၊ ဝိတက် သုံးမျိုးတို့၏ ဥဒ္ဒ၌ စရိုက် ဝါသနာ သုံးမျိုးကား လူ့ရိက္ခာနှင့် လက်နက်များတည်း။

သဒ္ဓါများ ထွန်းကားလာသော် ကိုယ်ချင်းစာနှင့် မေတ္တာတရားများလည်း ထွန်းကားလာရာ**၏**။

ပညာများ ထွန်းကား**လာသော်** အမှားမြင်၊ အမှားကျင့် တရားများကို ဖယ်ရှားနိုင်ရာ၏။

အတွေးအခေါ် ရင့်ကျက်လာသော် တစ်ကိုယ်ကောင်းစိတ်ထားမှားများအပေါ် ကျော်လွှားနိုင်ရာ၏။

www.dhammaransi.com



ဤစိတ်ထားမျိုးကား (ရင့်ကျက်သော အပ္ပမာဒ သတိရှင်) လူသားများမှတစ်ပါး အခြားသူတို့၏ လက်ထဲဝယ် မရှိစေ၊ ထိုလူသားမျိုးသည်သာ...

အပေါ်ယံကြော မြင်သည်နှင့် အထဲ အရှိ ဒက်ထိ မြင်သိနိုင်**စွမ်း** ရှိသောကြောင့်တ**ည်း**။

အစ မြင်သ**ည်နှင့်** အဆုံး အရှိ ဒက်ထိ မြင်သိနိုင်စွမ်းရှိသောကြောင့်တည်း။

အကျိုးပြမြင်သည်နှင့် **အ**ကြောင်းခံအမှန် လှန်ပြောရန် မလိုဘဲ မြင်သိနိုင်စွမ်း ရှိသောကြောင့်တည်း။

**ထိုအပ္ပမာဒသတိ၏ စွမ်းပကားသည်**...

လူကို နိုးနေစေလျက် ကိလေသာတို့ကို အိပ်စက်စေ၏။

ရန်းရင်းဆန်ခတ်မှုကို နှိမ်နင်းလျက် ကိုယ်နှင့်စိတ် ငြိမ်သက်စေ၏။

ကိုယ့်စိတ်ကို အစိုးရစေလျက် အာရုံကို ညှော်သည့်အဖြစ် လက်ခံစေ၏။

သူပြောသိ လူပြောသိကို ဖိနှိပ်လျက် ကိုယ်ပိုင်သိကို ခွဲထွက်စေ၏။

သို့မဟုတ် သတိတစ်လုံးတည်းဖြင့်ပင် ကိုယ့်စိတ်ကိုယ်လည်း ပိုင်ပြီးသား၊ ကိလေသာလည်း ပယ်ပြီးသား သိစရာလည်း သိပြီးသားတည်း။

www.dhammaransi.com

# လိပ်ဘဝမှ ဖားဘဝသို့ ကူးဝင်သွားခြင်း

သဒ္ဒါကား ဖားပမာ အာရုံငါးဖြာကို ပြင်ပကန်ထုတ်မည်။

တဏှာကား လိပ်ပမာ ပြင်ပအာရုံငါးစင်းကို မိမိဘက် ယက်သွင်းသည်။

(က) သတိဖြင့် မာနကိုတား မိမိနှင့်သူ့အကြား ဉာဏ်စိတ်ဝင်စားထားမိက ယှဉ်ပြိုင်ခြင်းအစား ယှဉ်ရုံသာယှဉ်၍ မပြိုင်တော့ပါပြီ။

သူလည်းပဲ လူသား၊ ငါလည်းပဲ လူသား၊

သူနဲ့ငါအကြား ဘာများကွာခြားနေသနည်း။

ထိုသို့ယှဉ်ကြည့်သော် သူ့၌ ငါနှင့်မတူသော စောင့်စည်းခြင်းသီလကြောင့် ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှုမပြုကျင့်တော့ခြင်း ဟူသော အဖြေမှန် ဧကန်တွေ့သိလာရပါမည်။

ထိုအခါ သူ့အပေါ် ခွင်းချက်မရှိ ယုံလာပြီ။

မိမိ၌ ရာဂသွေးကင်းစင်သော စိတ်ကြည်စိတ်သန့်များ ဧကန်ပေါ်လာမည်။

www.dhammaransi.com



(ခ) တစ်ဖန် သတိဖြင့်မာနကိုတား၊ သူနှင့်ကိုယ်အကြား ဉာဏ်စိတ်ဝင်စားထားမိချေက ဖက်ပြိုင်ခြင်းအစား ဖက်ရုံသာဖက်၍မပြိုင်တော့ပြီ။

ငါသည် သူတော်ကောင်းနှင့် ပေါင်းဖက်သင့်သည်။

သူတော်ကောင်းနှင့် ပေါင်းဖက်မှုသာ ပြုသင့်သည်။

သူတော်ကောင်းထံသွား သူတော်ကောင်းစကား နာကြားခြင်းဖြင့် ငါ့အဖို့ အမြတ်သာထွက် အရှုံးဘက်သို့ မယိုင်နိုင်။

ထိုအတွေးမှန်များ ဝင်ဆံ့လာသောအခါ ရိုသေခြင်း သက္ကစ္စ၊ ကိုယ့်ကို နှိမ့်ချခြင်း နိဝါတ မင်္ဂလာတရားများ ထွန်းကားလာပါမည်။

(က) ရိုသေတကာတို့၏ ထိပ်ဖြစ်သော လက်အုပ်ချီမိုး ရှိခိုးခြင်း၊ တစ်ဖက်၏ အကျင့်ဂုဏ်ကို အသိအမှတ်ပြုသော အထိမ်းအမှတ်။

(ခ) ကိုယ့်ကိုယ်ကိုကား ဦးကိုနှိမ်ချပေးထားခြင်း၊ မိမိ၏ အကျင့်တန်မှုကို အဖြစ်ရှုကာ မာန်ချလိုက်ပြီဖြစ်သော အထိမ်းအမှတ် ဤအမူအကျင့်နှစ်မျိုးတို့က ...

စိတ်နှလုံး ယဉ်ကျေးသိမ်မွေ့လာစေပါသည်။

ကိုယ်နေ ခြေထား နူးညံ့ပျော့ပျောင်းလာစေပါသည်။

ယနေ့ ဗုဒ္ဓဝါဒီတို့၏ အမူအကျင့်ကိုကြည့် သိနိုင်ပါသည်။

(ဂ) တစ်ဖန်သတိဖြင့် မာနဖယ်ရှား သူ ကိုယ်အကြား သုံးသပ် စိတ် ထားကြည့်က တုဖက်ခြင်းအစား တုလည်းတု ဖက်လည်းဖက်လာတော့မည် မုချတည်း။

မိန်းမတို့၏ ခနကား အလှတည်း။

ယောက်ျားတို့၏ ခနကား ဗလတည်း။

သူတော်ကောင်းတို့၏ ခနကား သီလတည်း။

**သုဝဏ္ဏသျှမ်စာစဉ်**

www.dhammaransi.com



ထိုတွင် သီလရှိသူ၏ အလှသည်သာ အတွင်းရှိ အသွေးရော အသားပါ လှပလာခြင်းကြောင့် အလှမှန်၊ အလှစစ်၊ လူလည်းချစ် နတ်လည်းချစ်ပြီး အများလည်းချစ် ဘုရားလည်း ချစ်ဖြစ်၏။

သီလတည်းဟူသော ဗလသည်သာ ကံသတ္တိ၊ ဈာန်သတ္တိ၊ ဉာဏ် သတ္တိများပါ အားပြည့်အင်ပြည့်လာပြီး ကိလေသာတို့၏ အဖိကိုပါ ဖြေမိနိုင်ခြင်းကြောင့် လူလည်းအားကိုး နတ်လည်းအားကိုး တန်ခိုး ကိုပါ ဖြစ်စေနိုင်ပါသည်။

ငါသည် ယနေ့မှစ၍ သူတော်ကောင်းတို့အမူအကျင့်ကို တု လျက်က သူတော်ကောင်းလမ်းဘက် ထွက်ခဲ့မည်။

ထို့နောက် သိုးဆိတ်ကြွဲနွား စသည်များသို့ သူ့အသား စား လိုစိတ် (လောဘ) ဖြင့် သတ်လိုမှု ပေါ်ပေါက်လာသော်...

ကိုယ့်ကိုယ်နှင့် တစ်ကိုယ်ချင်း စာနာထောက်ထား ကိုယ်ချင်း စာ လူစိတ်ထားလိုက်ပြီး ၎င်းတို့ကို သတ်မည့် ဖြတ်မည့်အစား မိမိ စိတ်အား ထိပါးနေသော ထိုလောဘကိုသာ သတိဖြင့် ဖြတ်တားထား လိုက်ပြီ။

တစ်ဖန် ခြင်နှင့်ကြမ်းပိုး၊ မြွေဆိုး မြွေဟောက် လူတို့၏ အသက် အန္တရာယ်သို့ ကျရောက်စေမည့် (အသားစားရန် မဟုတ်) ရန်သူကို သုတ်သင်လိုသော သရုပ်အားဖြင့် သတ်လိုစိတ် ဖြတ်လိုစိတ် ပေါ် ပေါက်လာနေသော်...

သူနှင့်ကိုယ် တန်းတူထား သို့မဟုတ် သူ့သားနှင့် ကိုယ့်သား တန်းတူထား မေတ္တာခံ လူစိတ်သွင်း နှစ်ထားလိုက်ပြီး ၎င်းတို့ကို သတ်မည့် ဖြတ်မည့်အစား မိမိစိတ်ကိုလည်း စော်ကား၊ ၎င်းတို့ အ

www.dhammaransi.com



ပေါ်လည်း မလိုတမာ အမုန်းပွားလျက်ရှိသော ထိုဒေါသတို့အား သတိဖြင့် ဖြတ်တား ထားလိုက်သည်။

ဤနည်းအတိုင်း လျှင်…

သူ့ဥစ္စာကို ရယူလို၍ဖြစ်စေ ဖျက်လိုဖျက်ဆီး ပြုကျင့်လို၍ ဖြစ်စေ၊

သူ့သားမယားကို ပျော်ပါးလို၍ဖြစ်စေ၊ စော်ကားလို၍ဖြစ်စေ၊

သူ့ဥစ္စာ ရယူလို၍ မုသားဆိုလိုသောအခါ ကိုယ့်ဥစ္စာ မပေးလို၍ မုသား ဆိုလိုသောအခါ ဖြစ်စေ၊

သူတစ်ပါးအပေါ် စော်ကားလိုသောအခါ မိမိပျော်ပါးလိုသော အခါ ဖြစ်စေ…

သူ့ဥစ္စာမယူ သူ့မယားနှင့် မပျော်ပါး၊ သူ့အား မုသားမဆို၊ မူးယစ်သောက်စားခြင်းကို ဟန့်တား၊ ကိုယ်ချင်းစာ မေတ္တာဟူသော လူ့စိတ်တို့ အစားသွင်းထား၍ မိမိစိတ်အား ထိပါးနှောင့်ယှက် လူ့ စိတ်ကို ဖျက်နေသော လိုလားခြင်း၊ မလိုလားခြင်း ထိုနှစ်ခင်းတို့ကို သာ သတိဖြင့် ဖြတ်တား ထားလိုက်ပါသည်။

ထိုအခါ လိုစိတ် မလိုစိတ် နေရာ လူ့စိတ်ပေါ်လာပါမည်။ ထို မှတစ်ဆင့် ကိုယ့်ထံဝယ် လူ့စိတ်ချည်း ရှိနေပါသည်ကို သိလာလျှင် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချလာတော့မည်။

ငါသည် ကိလေသာခိုင်းတိုင်း မရိုင်းစိုင်းတော့သော လူ့သား ဟူ၍၊

ငါသည် မကောင်းသောအမှု ဘာတစ်ခုမျှ မကျင့်တော့သော လူသားဟူ၍ ကိုယ့်ကိုယ်ကို ယုံ၍ ကိုယ့်ဂုဏ်ကို ယုံကာ အားကိုးလာ သော် သူတစ်ပါးတို့ မယုံစရာ အားမကိုးစရာကား မရှိတော့ပါပြီ။

www.dhammaransi.com



ထိုအခါ လူအားလုံးက မိမိ၏အမူအကျင့် (သီလ) အပေါ် ယုံကြည်စိတ်ချလာကြတော့မည်။ ယုံကြည်သလောက် အားကိုးလာကြတော့မည်ဖြစ်ရာ နှစ်သက်ခြင်း လိုလားခြင်းများစွာဖြင့် မြှောက်စားလာကြပါတော့မည်။

## ‘လူလိုမှ နတ်လိုမည်’

နတ်လိုလျှင် ဂြိုဟ်မ၊ ဂြိုဟ်မမှ လိုသမျှ တ,သလို ရစေသည်။ ထိုသို့ သီလ ခေါ် မိမိ၏ကိုယ်ကျင့်ကောင်းမှန်မှုကို အကြောင်းပြု၍ လူအားလုံး၏ အလေးပြုမှု ခံရလေသောအခါ

ငါသည် လိုချင်ပါသည် မလိုချင်ပါပြီ ထိုနှစ်ခုကို သည်မျှသာ တားဆီးနိုင်သေး၊ ငါ့သီလ၏အကျိုးပေးကား “မြေအေးရာ ရေနားသက်၊ မြေနိမ့်ရာ စမ်းထွက်သည့်” ပမာ သန်လှချေ၏တကား။ ဤသို့လျှင် သီလ၏အကျင့်ဂုဏ် ယုံလာပြီး မိမိ၌ စိတ်ကြည် စိတ်သန့်များ ပေါ်ထွန်းလာစေပါသည်။ တစ်ဖန်...

သည့်ထက်မက ထိုလောဘ ဒေါသ များကို ပယ်ဖျက်နိုင်ပါလျှင်ကား ဤသို့လည်း အယုံတိုးရာ အရဲပိုလာစေပါသည်။

သည်မျှမကသေး...

စိတ်ကို ပူပူလောင်လောင် ဖျစ်ညှစ်ပေးနေသော လောဘ ဒေါသ တရား နှစ်ပါး ကို သည်မျှတားဆီးထားနိုင်ခြင်းကြောင့် စိတ်သက်သာရာရခြင်း၊ သန့်ပြန့်စင်ကြယ်ခြင်းများ သည်မျှခံစားခွင့်ရနေသေးလျှင်

ထို လောဘ ဒေါသတရားနှစ်ပါးနှင့်တကွ ရှိရှိသမျှ ကိလေသာ သံယောဇဉ် တရားကိုယ်အားလုံးတို့ကိုပါ အပြီးအပိုင် သတ်ဖြတ်ထားပြီးသော...

www.dhammaransi.com



ဘုရား အစထား အရိယာ သူတော်ကောင်းကြီးများ၏ စိတ်တော်ကား အဘယ်မျှ အေးချမ်းငြိမ်သက်လေမည်မသိ။

အဘယ်မျှ သန့်ပြန့်စင်ကြယ်လေမည်မသိ။

ဤလိုလည်း မိမိမှ ချင့်တွက်လျက်က အထက်အထက်ရှိ သူတော်ကောင်းကြီးများစွာ၏ ဂုဏ်ကို ပို၍ပင် ယုံကြည်လာစေပါသည်။

ဤကား ကိုယ်တွေ့အရှိနှင့် ညှိလျက်က တက်လာသော သဒ္ဓါစစ်တည်း။

ထို့နောက်တွင်ကား ထိုသူတော်ကောင်းကြီးများ၏ အကျင့်မြတ်ခြေရာထပ်သောအားဖြင့် လိုက်ပါပြုကျင့်နေမည်သာ ဖြစ်ရာ...

သတိတစ်ချက်ဖြင့် ဖြစ်ပျက်မြင် အရှိဘက် ခရီးထွက်မည်။

သတိတစ်ချက်ဖြင့်ပင် အစွဲမြင် မရှိဘက် ပယ်ဖျက်ပြီးဖြစ်မည်။ ထိုသတိကပင် အဟောင်းကိုကော် ဖော်မတွေးသာတော့ခြင်း၊ အသစ်တို့နောက် စွဲစိတ်ကောက်ကောက်ပါ မလိုက်သာတော့ခြင်း။

အစွဲမြင် မရှိဘက် ပယ်ဖျက်ပြီးဖြစ်နေခြင်းများကို ပြုလုပ်နေချေရာ ထိုသတိကား ကြိုက်စွဲ မကြိုက်စွဲ ဖြိုခွဲပစ်နေခြင်းတည်း။

www.dhammaransi.com

# မဟာသီဝ မထေရ်ကြီး၏ ယုံကြည်ချက်

ထိုမထေရ်ကြီးသည် အစသော် 'ငါကျင့်သုံးရက်နှင့် ပြီးနိုင်သည်' ဟူသော တဏှာသွင်းမာန၊ တဏှာသွင်းဒိဋ္ဌိများကို အားပေးကာ ရွာပြင်၊ တောင်၊ ချောက်၊ ဂူ၊ လိုဏ်အောက်တွင် အပြင်းကျင့်၏။ ထိုစဉ် ငါသည် သည်ဝါကျွတ် စင်ကြယ်သော ပဝါရဏာဖြင့် ပွဲသိမ်းအံ့။

သို့သော်...

ဝါကျွတ်ဝယ် ဝါသာကျွတ်၍ ငါမကျွတ်ပါတကားဖြင့်သာ ပွဲသိမ်းရ၏။

ဤနည်းဖြင့် တစ်ဝါမှသည် ဝါသုံးဆယ်ပြည့်အထိ ကြာညောင်းလာခဲ့ပြီ။

ထိုနေ့ည (သီတင်းကျွတ် လပြည့်နေ့ည) မထေရ်ကြီးသည် တောင်ထိပ်ပေါ်သို့ တက်ကာ လပြည့်ဝန်းကြီးကို မော့ကြည့်လျက်က

သည်လပြည့်နှင့် ငါ့သီလ...

ဘယ်ဒင်းက စင်ကြယ်တောက်ပသနည်း။

www.dhammaransi.com



ဤသို့လည်း တွေး မိမိ၏ တစ်သက်တာကာလ၏ သီလကို လည်း စစ်ဆေး၏။

သည်လပြည့်ဝန်းကား အလွန်လျှင် စင်ကြယ်တောက်ပ၏။

သို့တစေလည်း စင်းကြောင်းငယ် အရေးလေးများ အနည်း အကျဉ်း တွေ့ရသေး၏။ ငါ့သီလကား မြူမှုန်လောက်မျှပင် အညစ် အကြေး မတွေ့ရပြီ။

ထိုစဉ်...

မိမိ၏ သီလဂုဏ်ကို ယုံကြည်သလောက် ကြည်စိတ် သန့်စိတ် များ တောက်ထလာပြီး...

ထိုတောက်ထလာသော ကြည်သန့်စိတ်ကို ဖြစ်ပျက်တင်ကာ ရှု လျက်က...

ပထမ ငါစွဲတဏှာ ခေါ် ကိုယ့်ကိုယ်ကို ငါထင်စားမှု လောဘ ခန်းမှ လမ်းခွဲထွက်ခဲ့ပြီ။

ဒုတိယ ကြိုက်စွဲတဏှာခေါ် သူတစ်ပါးအပေါ် ခင်မင်မှု လောဘ စခန်းမှ လမ်းခွဲထွက်ခဲ့ပြီ။

နောက်ဆုံး မာန်စွဲတဏှာ ခေါ် ကိုယ့်ကိုယ်ကို ခင်မင်မှုလောဘ စခန်းမှ လမ်းခွဲထွက်လိုက်ပြီ။

သတိကြောင့် သဒ္ဓါရှေ့တစ်ဆင့်တိုးလေတိုင်း သတိကြောင့် တဏှာလည်း တစ်ဆင့်တစ်ဆင့် နောက်ဆုတ်ထွက်သွားခြင်းတည်း။

ဤသည်သာ သဒ္ဓါဉာဉ်တည်း။

ဤသည်သာ သဒ္ဓါစရိက်တည်း။

ဤသည်သာ သဒ္ဓါဝါသနာတည်း။

www.dhammaransi.com

# ဟိုသကမှ အင်္ဂလိမာလသို့

ဒေါ်သစရိုက်သည် မဟုတ်မခံ တွန်းလှန်သောသတ္တိ သူ့မှာရှိ၏။

ဒေါ်သစရိုက်သည် ဝတ္ထု၊ အာရုံတို့အပေါ် အစွဲအလမ်းလည်း သူမထား။

သတိဖြင့် ဒေါ်သကိုတား သူ့အရှိကြား ဉာဏ်ဆင့် စိတ်ဝင်တစား ထားပေးက အမှားနှင့်အမှန် ထိုနှစ်တန် ကောန်မှုချ သိရတော့သည်သာ။

သတိဖြင့် ဒေါ်သဖယ်ရှားကိုယ့်ရှိတရား လေ့လာပွားများပေးက တရား မတရား ထိုနှစ်စား ခွဲခြားသိသည်သာ။

ခံချင်သူသည် မခံချင်သူလောက် သဘာဝတရားအပေါ် ထိုးဖောက်ကြည့်ရာ၌ ခရီးမရောက်တတ်။ ဝတ္ထုအာရုံများကို သုံးသပ်ခံစားကြည့်လေတိုင်း အငြိကိုမဖြေတတ်နိုင်သောကြောင့်၊

သို့ကြောင့် မခံချင်သော ဒေါ်သဉာဉ်သမားသည် ခံချင်နေသော လောဘဉာဉ်သမားထက် သဘာဝတရားဆက်လေ့ရာ၌ တစ်ပန်း

www.dhammaransi.com



သာ၏။ မဟုတ်လျှင် မခံတတ်သော သတ္တိများကြောင့်လည်း မဟုတ်သော သဘောတရားတွေ့က တော်လှန်ရန် ဝန်မလေး။

ဓားသည် ခရမ်းသီး လှီးဖြတ်ရာ၌ ပြတ်ခဲ့သော်
လူကို သတ်ရာ၌လည်း ပြတ်တော့သည့်ပမာ...
ဓားသည် သစ်ခုတ်ရာ၌ မတုံး မလိပ်သော်
ဆင်ကို ခုတ်ရာ၌လည်း မတုံး မလိပ်တော့သည်သာပမာ။

လောကီရေးရာ၌ စွာသော ဒေါသသမားသည်လည်း ၎င်းကို သတိဖြင့် ပြုပြင်ကာ ဓမ္မရေးရာ၊ သဘာဝရေးရာ အဖြာဖြာတို့အပေါ် ဝေဖန်သုံးသပ်ခိုင်းရာ၌လည်း အထွန့်မတက် အစွမ်းထက်ပေလိမ့်မည်သာ။

ဒေါသကိုအရင်းတည်၍ သတိဖြင့် ရှုမြင်သုံးသပ်စဉ် သူများတွေ လုပ်လို့ရ ငါဘာလုပ်လို့မရရမှာလဲ မခံနိုင်မှုမျိုး၊

သတိကိုအရင်းတည်၍ ဒေါသကိုပြုပြင်ပေးနေသော် ကျင့်စဉ်ကို ကျင့်ရာ၌ မခံသာစရာများကို သတိဖြင့် ကျော်လွှားပေးမှုမျိုး၊

ထိုနှစ်မျိုး မည်သည့်အမျိုးဖြစ်ပါစေ မခံချင်စရာတွေ့က အာခံလျက်က မှတ်သားခြင်းဖြင့်လည်းကောင်း၊ ခံချင်စရာတွေ့က အပြောပေါ် စိတ်မနား သဘောပေါ်အထိ သိစိတ်ထားခြင်းဖြင့်လည်းကောင်း ကြမ်းတမ်းသော ဒေါသစိတ်ကို သတိက ပြုပြင်ပေးနိုင်ပါသည်။

မခံချင်စရာက သတိအားကို ထိုးဆွ မြှင့်တင်ပေးလိမ့်မည်။
ခံချင်စရာက သိအားကို လမ်းပြတီထွင်ပေးလိမ့်မည်။
ထိုဒေါသသမား အထိနာလေ အတွေ့အကြုံရင့်ကျက်လေသာ ဖြစ်တော့သည်။

**သုဝဏ္ဏသျှမ်စာစဉ်**

www.dhammaransi.com



လောကမျက်နှာစာတို့ရှိ နိုင်ငံဝန်ဆောင်ကြီးများသည် လည်းကောင်း၊ စာတတ်ပေတတ် ဗဟုသုတ နှံ့စပ်သူများသည်လည်းကောင်း ၊ ဘာသာရေး ခေါင်းဆောင်ကြီးများသည်လည်းကောင်း ယင် မခံချင်စိတ်ကို အရင်းတည်ရာမှ ထွန်းကားလာကြသူများချည်း ဖြစ်ကြ၏။ အထိနာချက်ကို ခံပက်ရာမှ တိုးတက်လာကြသူများချည်း ဖြစ်ကြ၏။ သတိအားကို ထိုးဆွအပေးခံရရာမှချည်း ဖြစ်၏။ အစွဲအလမ်းကင်းပ အသိမှန် အမြင်မှန် ရရာမှချည်း ဖြစ်ကြ၏။

လောကုတ္တရာမျက်နှာစာရှိ အရိယာဘုံသား သူတော်ကောင် အစားစားလည်း ယင်းအချက်များကို အခြေခံလျက်ကသာ လောကီနယ်ပယ်ဘက်မှ ကူးထွက်လာကြခြင်းပင် ဖြစ်၏။

ဝေဘူဆရာတော်ဘုရားကြီးသည် စိတ်အလွန်ထန်၏။ ထိုထန်စိတ်ကပင် မရမနေ အသေခံပြုကျင့်သွားတော်မူခြင်း မဟုတ်လော။

သပိတ်အိုင်ဆရာတော်ဘုရားကြီးသည်လည်း စိတ်အလွန်ထန်၏။ ထိုစိတ်ဖြင့်ပင် တစ်သက်တာလုံး တောဝယ် နေထိုင်သွားတော်မူနိုင်ခြင်း မဟုတ်လော။ စင်စစ် ခေါင်းမာခြင်း၊ တစ်ဇွတ်ထိုးနိုင်လှခြင်း စသည်များသည် ယင်းထန်စိတ်၏ သင်္ကေတများပင်တည်း ။

သာဝတ္ထိနေ မန္တာနီပုဏ္ဏေးမ၏သား ဟိံသကသည် ထိုထန်စိတ်ကို အရင်းတည်လျက်က တက္ကသိုလ်ဝယ် ပညာသင်၏။ အပြောမလိုသူတို့၏ သဘာဝအတိုင်း အပြောလွတ်အောင် ပြုမူ၏။ တိကျခြင်း၊ သေချာခြင်းများ၊ ရိုးသားခြင်း ကြိုးစားခြင်းများသည် အပြောမလိုသူ၏ သဘာဝများလည်း ဟုတ်၏၊ အပြောလွတ်အောင် ပြုမူခြင်လည်း ဟုတ်၏။ သို့ကြောင့် ဒိသာပါမောက္ခဆရာကြီး၏ အရေးပေးခြင်း၊ အားကိုးခြင်းများစွာကို ခံယူရ၏။ သို့သော်...

www.dhammaransi.com



ထိုသို့သော်ကား ဆရာချစ်လျှင် တပည့်အားလုံးမုန်း၊ တပည့်အားလုံးချစ်က ဆရာမုန်း ထုံးအရ ဟိံသကချောက်ကျမည်။ သို့သော်တည်း...

တက္ကသိုလ်ကျောင်းသား တပည့်များသည် ဆရာနှင့် ဟိံသကတို့အကြား အာဃာတ တရားဖြစ်စဉ်ထားပေးလိုက်သောကြောင့် ဟိံသကသည် ဆရာကတော်နှင့် မရှုပ်မရှင် သတင်း ဆရာထံ နားသွင်းကြ၏။ ဆရာကား မယုံလေ။ သို့သော် ယုံစရာပေါ်ချေပြီ။

တစ်နေ့...

ဆရာကတော်နှင့် ဟိံသကတို့ ထမင်းလက်ဆုံအတူစားနေကြစဉ်...

ဟင်းဖတ်ကလေးကို ဟိံသက ထမင်းပန်းကန်ထဲသို့ ဆရာကတော်က ထည့်ပေး၏။

ဟိံသကကလည်း ထိုဟင်းဖတ်ကလေးကို ဆရာကတော်ထံ ပြန်ထည့်ပေး၏။

ယင်းမြင်ကွင်းကို ဆရာသည် ရှင်ရှင်ကြီးမြင်တွေ့သွားတော့ရာ ပညာရှိတို့သတ်နည်းဖြင့် ဟိံသကကို သတ်ရန် အားထုတ်တော့၏။

ဟိံသကက လူတို့လက်ညှိုးကိုလိုက်ဖြတ်၊ မရသတ်ဟု။

လူတို့က ဟိံသကကို ပြန်သတ် မသေမချင်း မရပ်။

ဤနည်းဖြင့် ဆေးဖော်ရန်အတွက် အကြောင်းပြကာ လက်ညှိုးတစ်ထောင်ရရှိရေး ဟိံသကကို တာဝန်ပေးခဲ့သည်။

ဆရာ့အပေါ် အယုံအကြည်အပြည့်ရှိသော ဟိံသကကလည်း ဆရာ့နည်း ပရိယာယ် နာမလည်ရှာ။ ကြည့်လည်းမကြည့်၊ သိလည်း

www.dhammaransi.com



မသိ၊ ခိုင်းတိုင်းပင် မဆိုင်းမဆွ တာဝန်ယူမိ။ အပယုံ တစ်ဖက်ကမ်း၊ ဆရာယုံ စုံလုံးကန်းတည်း။

လက်ညှိုးကလည်း တစ်ထောင်ပြည့်ရန် တစ်ချောင်းမျှသာ အလို...

ဟိံသကအား ကောသလ္လမင်းကြီး ကိုယ်တိုင် ဖမ်းရန်လည်း ထွက်အလာ မန္တာနီခမျာ မနေသာပြီ။ သို့ကြောင့် သားဓားနှင့်တော အလိုက် တောထဲဝယ် သားနှင့်ပင် ဆိုက်ဆိုက်မြိုက်မြိုက်အတွေ့။

ဟိံသကကား မိခင်ပဲဟူ၍ မအောက်မေ့ လက်ညှိုးတစ်ချောင်း အစေ့ကသာ သွေးတောင်းကာနေတော့ရာ အမေ့လက်ချောင်း ဖြတ်ရန် ကြိုးစားသည်။

ဘုရားကား မနေသာပြီ။

အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင်မိခင်ဖြစ်နေသည်က တစ်ကြောင်း ကြောင့်တည်း။

ဘုရားရှင်၏ သာသနာ့ သာဝက တစ်ဆူအရာ ဖြစ်လာမည်က တစ်ကြောင်းကြောင့်တည်း။

သို့နှင့်...

မအေနှင့် သားအကြား တန်ခိုးတော်ဖြင့် စည်းသားလျက်က ဘုရားဘက် မျှားခေါ်ကာ တရားပြတော်မူရာ ဒေါသရှင် ဟိံသက ပညာခွင်ဝယ် နေရာကျသွားစေခဲ့ချေပြီ။

ဤသည်သာ ပညာ၏ ဉာဉ် စရိုက် ဝါသနာများတည်း။

www.dhammaransi.com

# ကြံကို ချက်၍ သကြားထွက်စေအံ့

မောဟအကျင့်သည် တွေခြင်း၊ တွေးခြင်း၊ ပြန့်ကြဲခြင်းကို ဖြစ်စေ၏။

ထိုအတွေ့ အတွေး အပြေးကို တစ်ခုတည်းသို့ စိတ်စိုက်ပေးက ဝိတက်စရိုက်တည်း။

ထိုမောဟစရိုက်ကို ဝိတက်စရိုက်သို့ ပြောင်းလိုရာ၌ သတိသည်သာ အရေးပါ၏။ စေ့စပ်ခြင်းသတိ၊ စူးစိုက်ခြင်းသတိ၊ မှတ်ရာပေးခြင်း သတိ၊ ဆင်ခြင်သုံးသပ်ပေးခြင်း သတိများသည် ဗလနှံ့ကျဲအတွေးများကို တစ်ခုတည်းသော အတွေးအဖြစ် စုစည်းပေးရာ၌ တစ်ခုတည်းသော ကိုယ်စားလှယ်ဖြစ်ခြင်းကြောင့်တည်း။ တစ်ခုတည်းသောအကြံအား ဉာဏ်အားအမှန်ကြားထဲသို့ ထိုးစိုက်ကျသွားအောင် ဆောင်ရွက်ပေးရာ၌လည်း တစ်ခုတည်းသော အာဏာရှင်ဖြစ်သောကြောင့်တည်း။

ဝိတက်ခေါ် ထိုအတွေးအခေါ်အကျင်သည့် အကောင်း အဆိုးဟူ၍ နှစ်မျိုးကွဲပြား၏။

**သုဝဏ္ဏသျှမ်းစာစဉ်**

www.dhammaransi.com



(က) အကောင်းဘက်၌ ကာမပြစ်ကို နစ်နစ်နှောနှော ဆေးကြောခြင်း အတွေးအကြံများက နေရာယူ၏။

"နေက္ခမ္မ အဗျာဒ အဝိဟိံသ"

(ခ) အဆိုးဘက်၌ ကာမအရေးကို လေးလေးပင်ပင် တွေးတောဆင်ခြင်မှုများက နေရာယူမည်။

"ကာမ ဗျာပါဒ ဝိဟိံသ"

ယနေ့လောကမျက်နှာစာတို့၌ အတွေးအခေါ်ပညာရှင်များအဖြစ် ထင်ပေါ်ကျော်ကြားနေသူများသည် တွေ့စိတ်၊ တွေးစိတ်၊ ပြေးစိတ်များကို အာရုံတစ်ခု အရာဝတ္ထုတစ်ခုတွင်းသို့ ထိုးသွင်းပေးထားကာ တစ်ခုတည်းသော အဖြေမှန်ရရှိရေး တွေးစေရာမှ ပေါ်ထွန်းလာကြသူများ'ချည်း ဖြစ်ကြသည်။

သို့မဟုတ်...

မလိုရာအတွေ့များကို သတိဖြင့်တား လိုရာရာအတွေးတစ်ခုသို့သာ သတိစိုက်ချအားဖြင့် ကြိုးစားကြည့်ရာမှ ထွန်းပေါက်လာကြခြင်းတည်း။

သည့်အတူ ဓမ္မရေးရာမျက်နှာစာတို့၌လည်း သမထမှ အဘိညာဉ်ပညာထိ ဝိပဿနာမှ မဂ်ပညာ ဖိုလ်ပညာအထိ ပေါက်မြောက်ကြလေသူ အားလုံးတို့သည် ထိုတစ်ခုတည်းသော အတွေးကို အရေးပေးရ၏။ သမ္မာဒိဋ္ဌိ အမှန်မြင်နောက်ရှိ သမ္မာသင်္ကပ္ပ၏ ကပ်ကြံ ကြံခြင်း ဝိတက်၏ အထူးကြံကြံခြင်းများက သက်သေထူ၏။

ထိုသင်္ကပ္ပတွေး ဝိတက်တွေးများသည် မောဟတွေးများကဲ့သို့

www.dhammaransi.com



အဝေးမျှော်တွေ့လည်း မဟုတ်၊ မိမိမှ ကင်းကွာနေသော ဝတ္ထုအာရုံတို့အပေါ် (မိမိမှ စိတ်ခွာလျက်က) ခေါ်တွေးလည်း မဟုတ်ချေ။

ကသိုဏ်းကို ဖြစ်စေ…

မိမိနာဝရှိလေ နိမိတ်ကို ဖြစ်စေ…

မိမိ၏ခန္ဓာဖြစ်စဉ်နှင့် ကပ် ထပ်လျက်ကသာ တွေးကြံခြင်းများဖြစ်၏။ သို့မဟုတ် ဒက်ထိအမြင်ကို လက်ရှိဆင်ခြင်စိတ်ဖြင့် သုံးသပ်နေခြင်းတည်း။

ကလမ္ဗဆိပ်ကမ်းနေ ရဟန်းတော်များ၏ အတွေး…။

ငါ့ရှင်တို့…

ငါတို့သည်ကား ကြွေးတင်၍ ရဟန်းဘောင်ဝင်လာကြသူများ မဟုတ်ကြပါ။

မင်းပြစ်မင်းဒဏ် သင့်၍ ရဟန်းဘဝဖြင့် လာရောက်နေထိုင်ကြသည်လည်း မဟုတ်ပေ။

မလုပ်ချင် မကိုင်ချင် ပျင်းစိတ်ဝင်၍ ရဟန်းအသွင် ဆောင်လာကြသည်လည်း မဟုတ်။

စင်စစ်…

ဘုရားရှင်၏ အဆုံးအမဩ တည်စေလျက်က ရဟန်းကိစ္စပြီးစီးရန်အတွက် တောထွက်လာခြင်း၊ ရဟန်းဘဝ ရောက်လာကြခြင်းများသာ ဖြစ်ကြပါသည်။ သို့ကြောင့်…

ငါတို့သည်…

အောက်ပါအတိုင်း ကတိကဝတ်ထား ကြိုးစားကြပါကုန်စို့။ အကြောင်းထူးမရှိဘဲ (ဆွမ်းခံ ဆွမ်းစားကို အပထား၍) တစ်ပါးနှင့်

www.dhammaransi.com



တစ်ပါး စကားမပြောကြစတမ်း၊ နှစ်ပါးအတူ တစ်နေရာတည်း မနေကြစတမ်း၊ သည်နေရာဖြစ်သော ကိလေသာ သည်နေရာမှာပင် ပယ်သတ်ကြစတမ်း။

ဤကား အကြံအစည်မှုဖြစ်သော ကတိစကားများတည်း။

ထိုသို့ ကတိကဝတ်ထားပြီးနောက် ဝါဆိုလပြည့်နေ့မှ စတင်ကာ ရဟန်းတော်အားလုံးတို့ ကြိုးစားကြပါကုန်၏။

ဆွမ်းခံသွားရင်း တစ်ပါးက ရှေ့မှ ကာမဝိတက် ကိလေသာ စိတ် ထိပ်တက်နေ၍ ရပ်တန့်ကာ သတ်ဖြတ်နေသော် ကျန်အားလုံးလည်း နောက်မှ ရပ်လျက်ကသာ။

တစ်ဖန်...ရပ်လျက်က မသေ၊ ထိုင်လျက်ပင် သတ်နေချေသော် ကျန်ရဟန်းတော်အားလုံးလည်း နောက်မှပင် ထိုင်လျက်ကသာ။

ထိုအခါ ရှေ့ရဟန်းသည် ဤသို့ တမင်ကြံစည်ပြန်၏။

ကြည့်စမ်း...နင့်အကြောင်း နောက်ပါတို့ ကောင်းကောင်းကြီး သိသွားကုန်ကြပြီ၊ နင် မရှက်ဘူးလား။

ဤအတွေးအကြံများ၏ အကူဖြင့်ပင် ဖြစ်ပေါ်လျက်ရှိသော ကိလေသာ အငွေ့အသက်များ ပျောက်ကင်းသွားတော့၏။ ခဏချင်းအတွင်း ကိလေသာအငွေ့အသက်များ ပျောက်ကင်းသွားတော့၏။ သည်တော့မှ သွားလက်စ ဆွမ်းခံကိစ္စ စိတန်းကာ ဆက်လက်ကြွတော်မူကြ၏။

ဤနည်းဖြင့် တစ်ပါးတည်းနေစဉ်ကာလဖြစ်စေ၊ အများစုနှင့်နေစဉ်ကာလဖြစ်စေ...

ကိလေသာအကြံပေါ်လာလျှင် သတိအခံ ခံ ဈာန်ဖြင့်ဖယ်ရှား၊

အာရုံမှန် ပေါ်လာလျှင် သတိခံ ဉာဏ်ဖြင့် ရှုစား၊

www.dhammaransi.com



မမှန်သော အတွေးအကြံမှ မှန်သောအတွေးအကြံသို့ ပြောင်းလဲပေးနေကြရာ ဝါကျတ်သည်နှင့် အားလုံးပင် ရဟန်းကိစ္စပြီးစီးကြသည်။

ဤသည်သာ ဝိတက်၏ ဉာဉ်၊ စရိုက်၊ ဝါသနာများတည်း။

www.dhammaransi.com

# လာရာလမ်းမှ ဖဲ့ထွက်ခြင်း

*တိဋ္ဌံ စရံ နိသိန္နောဝါ သယာနောဝါ*
*ယာဝတာဿ ဝိဂတမိဒ္ဓေါ ဧတံ သတိံ အဓိဋ္ဌေယျ*
*ဗြဟ္မမေတံ ဝိဟာရ မိဓမာဟု*
*ဒိဋ္ဌိံစ အနုပဂမ္မ သီလဝါ ဒဿနေန သမ္ပန္နော*
*ကာမေသု ဝိနေယျဂေဓံ နဟိဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ။*

**(မေတ္တာသုတ်)**

ရပ်လျက်ကဖြစ်ဖြစ်၊ သွားလျက်က ဖြစ်ဖြစ်၊ ထိုင်၍ပဲဖြစ်ဖြစ်၊ အိပ်၍ပဲ ဖြစ်ဖြစ် ရက် လ နှစ် တွက် အသက်ထက်ဆုံး မငိုက်မမျဉ်း တွေတွေကြီး မဖိစီးစေသော ဤသတိမျိုးကို တည်ဆောက်ထားရမည်။

ဤသို့ အပ္ပမာဒသတိ တည်ဆောက်မိခြင်းသည် ဤသာသနာ တော်ဝယ် မြတ်သောနေခြင်းဟူ၍ ဘုရားရှင်တိုင်း မိန့်ခဲ့ကြပြီ။ သို့ မဟုတ် ဗြဟ္မာမင်းနှင့်တူသော နေခြင်းမျိုးဟူ၍ ချီးကျူးခဲ့ကြလေပြီ။

www.dhammaransi.com



ထိုသို့ နေနိုင်လေသူသည်...

(က) သောတာပတ္တိမဂ် သီလ၊ ဖိုလ်သီလ၏ သစ္စာလေးတန် အမြင်ဉာဏ်အစွမ်းဖြင့် အတ္တဒိဋ္ဌိ လုံးဝပင် အငြိမဝင်ပြီ။

(ခ) သကဒါဂါမ်၊ အနာဂါမ် မဂ်ဖိုလ်သီလတို့၏ သစ္စာလေးတန် အမြင်ဉာဏ် အစွမ်းဖြင့် ဝတ္ထုအာရုံ ကာမဂုဏ်တို့ကိုလည်း အကြွင်းမဲ့ ပယ်စွန့်ပြီးပြီ။

(ဂ) အရဟတ္တမဂ်သီလ ဖိုလ်သီလ၏ သစ္စာလေးတန် အမြင်ဉာဏ်အစွမ်းဖင့်ကား ဘဝသစ် ပဋိသန္ဓေမနေရတော့ပြီ။

သတ္တဝါအားလုံးတို့သည်...

အချိန်ပြည့် သေလမ်းသို့သာ တန်းတန်းကြီးသွားလာနေကြပါသည်။

အချိန်ပြည့် သေမည့်အလုပ်ကိုသာ ရွေးချယ်ကာလုပ်နေကြပါသည်။

ရုပ်လျက်က ဘယ်ကိုသွားနေကြပါသနည်း။ သေရွာသို့ချည်းသာ။

လမ်းလျှောက်လျက်က ဘယ်ကိုသွားနေကြပါသနည်း။ သေရွာသို့ချည်းသာ။

ထိုင်လျက်က ဘယ်ကိုသွားနေကြပါသနည်း။ သေရွာသို့ချည်းသာ။

အိပ်စက်လျက်လည်း ဘယ်ကိုသွားနေကြပါသနည်း။ သေရွာသို့ချည်းသာ။

တစ်ဖန်...

www.dhammaransi.com



ကံ အကုသိုလ် မကောင်းမှု ဘယ်အတွက် ပြုနေပါသနည်း။ သေဖို့။

ကံ ကုသိုလ်ကောင်းမှု ဘယ်အတွက် ပြုနေကြပါသနည်း။ သေဖို့။

ဈာန် ကုသိုလ်ကောင်းမှု ဘယ်အတွက် ပြုနေကြပါသနည်း။ သေဖို့။

နေခြင်းသည် သေခြင်းသို့သာ လမ်းဆုံးသောကြောင့်တည်း။

ထိုသေလမ်းကို...

သတ္တဝါတိုင်းလည်း သွားနေကြ၏။ လူသားတိုင်းလည်း သွားနေကြ၏။

ဘာသာတိုင်း လူမျိုးတိုင်းတို့လည်း သွားနေကြ၏။

ထိုအားလုံး အပျက်ကို မသိ။

အဖြစ်ကိုချည်း ကြည့်လုပ်နေတတ်သောကြောင့်တည်း။

သို့ကြောင့် ထိုသေလမ်းသည် အားလုံးသွား နိယာမတစ်ပါးပင် ဖြစ်နေတော့သည်။

သတိမထပ် စိတ်လွတ်လပ်မှုကိုသာ အလေးပေးတတ်သောကြောင့် လည်းကောင်း၊

တိရစ္ဆာန်ဓလေ့ မေ့မေ့နှင့် အတွေ့ကိုသာ လေ့ကျက်နေသောကြောင့် လည်းကောင်း ထိုအကြောင်းနှစ်ချက်တို့သည် သေလမ်းသွား နိယာမတရားနှင့် အကြောင်းဆက်၏။

ထိုသေလမ်းသွား နိယာမတရား၌...

နေပြီးနောက် သေရခြင်း၊ တစ်ဖန် သေပြီးနောက် နေရခြင်း ဟူသော နေ့နှင့်ညသွား နာရီစက်အလား ရှိ၏။

ထိုနာရီစက်၏ ဂဏန်းကား တစ်မှ ဆယ့်နှစ်မျှသာ။

www.dhammaransi.com



နိယာမ၏အချိန်ကား နေ့ဆယ့်နှစ်၊ ည ဆယ့်နှစ်၊ နှစ်ဆယ့်လေးနာရီ။ သို့ကြောင့် ထိုဂဏန်းချိန်နှင့် နိယာမတို့ ချိန်ကိုက် ကိုက်ညီရန်အတွက် နာရီ၏ ဒိုင်ခွက်ကို ပတ်လည်ဝိုင်း ဝိုင်းပေးထားရပါသည်။

သို့မှသာ…

ည၌မွန်းတိမ်း၏ တစ်သည် နေမွန်းတည့်၏ ဆယ့်နှစ်ဆီသို့၊

နေ့မွန်းတိမ်း၏ တစ်ကလည်း ည၌မွန်းတည့်၏ ဆယ့်နှစ်ဆီသို့ လှည့်ပတ်သာချေမည်။ အစမှဆုံးလျှင် အဆုံးမှ ပြန်စရန်အတွက်တည်း။

ထိုနိယာမအချိန်ကို တော်လှန်သော နေနာရီ(နေရောင်ခြည်၏အလင်းဖြင့် နေမွန်းတည့်ကို ဖမ်းသော မြေစိုက်သစ်သား ဒိုင်ခွက်)၏ ဒိုင်ခွက်ကား အောက်နှုတ်ခမ်း တစ်ခြမ်းပဲ့မျှသာ။

ထိုနေရာနီ သို့မဟုတ် နေ့နာရီကား…

ယနေ့ နံနက် ၆:၀၀ နာရီမှ ညနေ ၆:၀၀ နာရီသို့သာ။

မနက်ဖြန် နံနက် ၆:၀၀ နာရီမှ ညနေ ၆:၀၀ နာရီသို့သာ။

သို့မဟုတ်…

စပြီးနောက် ဆုံးသွားစေပြီး၊ ဆုံးပြီးနောက် ပြန်မစစေတော့ခြင်းတည်း။

ဤကား ဓမ္မသဘာဝ အချက်ပြ နေနာရီ၏ သင်္ကေတတည်း။ ထိုဓမ္မသဘာဝ အချိန်သို့လိုက် အနေမှ အသေဆိုက်ပြီးနောက် တစ်ဖန် အနေသို့ ပြန်လည် မရောက်စေလိုသော်…

(က) ဝဋ္ဋ အာရုံတို့ကို ထိတွေ့ခံစားခွင့်ရတိုင်း အပ္ပမာဒသတိ လက်ကိုင်ရှိပါ။

www.dhammaransi.com



(ခ) ထိုသတိဖြင့် ထိုဝတ္ထု အာရုံတို့၏ အပေါ်ယံမှ စိတ်ကို ခွာ၍ အတွင်းရှိထိ စိတ်စိုက်နှိုက်၍ နှိုက်၍ ခံစားကြည့်ပေးပါ။

(ဂ) ထိုသတိဖြင့်ပင် အမည်ဖော် နာမပညတ်ကို ကျော်၍ ပရမတ်ပေါ်အောင် ခံစားကြည့်ပေးပါ။

ထိုအခါ ...

အလွန်နက်စွာသော မြစ်ရေပြင်သည် အပေါ်ယံတွင် တည်ငြိမ်နေသော်မှလည်း အထဲဝယ် ဝဲလည်နေသည့်ပမာ။

အလွန်ရင့်ကျက်နေသော ပိန္နဲသီးသည် အပေါ်ယံတွင် တက်တက်စိမ်းနေသော်လည်း အထဲဝယ် အလွန်ချိုမြိန်သော အရသာကို ဆောင်နေသည့်ပမာ။

မိမိခန္ဓာ၏ ရုပ်တို့၏ (ဖောက်ပြန်မှုသဘောသဘာဝများ၏) လှုပ်ရှားနေပုံကိုလည်း အရှိအရှိအတိုင်း တွေ့သိခွင့်ရလာစေပါသည်။ နာမ်တို့၏ အာရုံနှင့် စိတ်ကို ချိတ်ပေးခြင်း၊ အာရုံနှင့် အကြည်ဓာတ်ဟပ်ပေးခြင်း၊ အရသာခံစေခြင်းဟူသော သဘောနှင့် သဘာဝများကိုလည်း အရှိအရှိအတိုင်း တွေ့သိခွင့် ရလာစေပါသည်။

၎င်းကိုပင် စိတ်စိုက် အပ္ပမာဒသတိဖြင့် ဆက်၍လိုက်သော် ထိုရုပ်နာမ်စုံ အတွင်းသားများသည် ဖွားခနဲ ဖြစ်လျက်က ဖွားခနဲ ပျက်သွားကြကား ပျက်သည့်နေရာ အပျက်ဖြင့်ပင် ဖာပြီး ရှေ့ခရီး သေလမ်းဘက် လှမ်းထွက်နေကြပါသည်ကိုပါ တွေ့သိလာစေရပါသည်။

နေရာတွင်ဖြစ် နေရာတွင်ပင် ပျက်သွားသော အနိစ္စ၏ သဘောလက္ခဏာ၊

www.dhammaransi.com



အဖြစ် အဖြစ်တို့မှန်သမျှ အပျက်ပျက်သို့ သွားပုံ့ကြွသွားနေသော ဒုက္ခ၏သဘောလက္ခဏာ၊

သဏ္ဌာန် နိမိတ် ထိုဖြစ်ရိပ် ပျက်ရိပ်တို့သည် ကိုင်မရ တွယ်မရ သဘောသက်သက်မျှဟူသော အနတ္တ၏သဘောလက္ခဏာ။

ထိုသို့သော ရုပ်နာမ်တို့၏ သွင်ပြင်မှုရာ လက္ခဏာများကိုပါ အတွင် ကြည့် ကြည့်လျက်က အတွင်းသိ သိလာစေပါသည်။

ထို့နောက်...

ခန္ဓာပုံ အပျက်ကြား စိတ်ခရီးသွားနေရပါသည်ကို မကျေနပ်ချင်တော့။

ဤခန္ဓာပုံအပျက် အတိတ်ကောင်းမှုက ဆက်၍အသက်သွင်းပေးနေပါသည်ကိုလည်း မကျေနပ်ချင်တော့။

ခန္ဓာပုံ အပျက်ကိုစီး၍ အချိန်ပြည့် ခရီးထွက်နေရပါသည်ကိုလည်း မကျေနပ်ချင်တော့။

သဘာဝစိတ်က ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်များကို လှမ်း၍မြင်လိုက်ရခြင်းတည်း။

တစ်ဖန် ၎င်းကိုပင် စိတ်စိုက် အပ္ပမာဒသတိဖြင့် လိုက်ကြည့်ပါသော်ကား...

(က) အကောင်းပါ ဆိုလည်း ပြိုကျ ဘာမျှမရ ဘစ်ခဏသဘောမျှသာပါ။

(ခ) အဆိုးပါ ဆိုလည်း ပြိုကျ ဘာမျှမရ တစ်ခဏသဘောမျှသာပါ။

ထိုသို့သော သဘာဝအမြင်မှန် ရှင်သန်လာစေပြီး...

www.dhammaransi.com



ထိုမှနောက်...

(၁) အချို့ကား မမြဲသည်ကို လက်လွှဲအမြဲထဲသို့လမ် ခွဲထွက်လိုက်သည်။

(၂) အချို့ကား အပျက်လက်လွှဲ မပျက်ရာထဲသို့လမ်ခွဲထွက်လိုက်သည်။

(၃) အချို့ကား မရသည်ကိုလက်လွှဲ အရဘက်ထဲသို့လမ် ခွဲထွက်လိုက်သည်။

အစကို ဆုံးစေပြီး အဆုံးကိုကား ပြန်မစစေတော့ခြင်းတည်။

ထိုအပ္ပမာဒရှင်များသည်...

(က) ဤနည်းဖြင့် ပထမလမ်ခရီးကြီး ပြီးဆုံးသွားစေခဲ့သော် ဤလူ့ဘဝမှ သေပြီးနောက် အပါယ်ဘဝသို့ ပြန်လည်မရောက်ကြတော့ပါပြီ။

(ခ) ဤနည်းဖြင့် ဒုတိယ၊ တတိယခရီးကြီး ပြီးစီးသွားသော် ဤလူ့ဘဝမှ သေပြီးနောက် လူ့ဘဝ၊ နတ်ဘဝ ကြိုက်ညှဉ်း အညှဉ်းခံဘဝတို့သို့ ပြန်လည်မရောက်ကြတော့ပြီ။

(ဂ) ဤနည်းဖြင့် နောက်ဆုံးခရီးရှည်ကြီး ပြီးစီးသွားပါသော်ကား ဤလူ့ဘဝမှ သေပြီးနောက် မည်သည့်ဘုံဘဝမှ မရောက်ကြရတော့ပြီ။

ထိုအပ္ပမာဒပညာရှင်သည် ထိုသို့အသေမှအနေသို့ ပြန်လည်ကူးဆက်စေသည့် အစွဲအငြိတို့ကို သတိဖြင့်တိ၍တိ၍ဖြတ်တောက်ချပြီးနောက်...

www.dhammaransi.com



ဒုက္ခဟူသမျှ မြူမျှပင် မရှိတော့သော၊

အသေဆုံးသဖြင့် လုံးလုံး သေစရာမလိုတော့သော၊

ရုပ်ကင်းဆိတ် နာမ်ကင်းဆိတ်သဖြင့် သင်္ခါရနိမိတ်လည်း ကင်းဆိတ်သော နေရာသစ်ထဲသို့ သံများကို မီးကုန်ထိုးရာမှ သံခဲတ် ကုန်ဆုံးသွားတော့၍ သံချေးတက်စရာမရှိ ခဲတ်သတ္တိမျှ အကြွင်းရှိ တော့သည့် ခဲတ်လုံးပမာ။

မီးအားကို သံလိုက်အားဖြင့် သွားစေပြီး မီးသွားရာကိုကား မမြင်၊ အလင်းမျှကိုသာ မြင်စေသည့် လျှပ်စစ်ခဲတ်အားပမာ။

ရုပ်မရှိ နာမ်မရှိ အငြိမ်းခဲတ် အအေးခဲတ်၏ သဘောမျှသာ ရှိတော့သော နေရာသစ်ထဲသို့ လမ်းခွဲနေလိုက်ပြီ၊ သို့မဟုတ် လက် ဇေ့သမား အားကစားလောကထဲမှ အငြိမ်းစား အနားယူသွားတော့ ခြင်းတည်း။

www.dhammaransi.com

# ပမာဒနှင့် အပ္ပမာဒ ခရီးတာ
# အရှေ့နှင့် အနောက်ပမာ

စာရင်းရှင်းလိုက်ကြစို့ ...။

(က) ပမာဒ သမားကား ဆိုင်ရှင်ထံမှ ကုန်ပစ္စည်း ယူငင်စား သုံးပြီးနောက် ငွေကား မပေး၊ စာရင်းဖြင့် အကြွေး တောင်းခံထားစေသူနှင့်တူ၏။

(ခ) အပမာဒ သမားကား ဆိုင်ရှင့်ထံ ကုန်ပစ္စည်းလည်း ယူ၊ ငွေကြေးလည်း ချက်ချင်းပေး၊ စာရင်းအတောခံမထား ရသူနှင့် တူ၏။

သို့မဟုတ် ၎င်းတို့သည် ခံစားရချင်းသာတူပြီး ခံစားပုံချင်း မတူသူနှစ်ဦးတည်း။

လမ်းသွားသည် လမ်းထားအတိုင်း လိုက်ပါရမြဲဖြစ်၏။ သို့ဆိုသော် ပမာဒ၊ အပ္ပမာဒတို့၏ ဖဝါးလှည့် လမ်းထားခြင်းများသည် ဆန့်ကျင်ဘက်အားဖြင့် မတူညီကြသည်သာဖြစ်ရာ လမ်းသွားလည်း မည်သို့မျှ တူညီလိမ့်မည် မဟုတ်ပါချေ။

**သုဝဏ္ဏသျှမ်စာစဉ်**

www.dhammaransi.com



(က) ပမာဒသမားကား အနောက်သို့ မျက်နှာမူလျက်က စိတ်ဖဝါးထားလည်း အနောက်သို့သာ ချထားရာ တာထွက်သည်နှင့် အနောက်သို့သာ လားရာ၏။

တစ်ဖက်အာရုံပေါ်သို့သာ စိတ်စိုက်ချထားခြင်း၊ အဖြစ်ကိုသာ အာရုံယူထားခြင်း၊ အပေါ်ယံကြောနှင့်အပြောကိုသာ စွဲမှတ်ထားခြင်းများသည် နောက်က လာရာလမ်းဖြစ်သော သေလမ်းသို့ မျက်နှာမူ ဖဝါးထား မနေမနားသွားခြင်းတည်း။

(ခ) အပ္ပမာဒ သမားကား အရှေ့သို့သာ မျက်နှာမူလျက်က စိတ်ဖဝါးထားလည်း အရှေ့ဘက်သို့သာ ထားကာ တာထွက်လေသောအခါလည်း အရှေ့သို့သာပင်။

အာရုံနှင့် မိမိတို့အကြားရှိ ဖြစ်ပျက်သို့သာ စိတ်စိုက်ချထားခြင်း၊ အဖြစ်ကိုရော အပျက်ကိုပါ ရှုကြည့်နေခြင်း၊ အတွင်းကြေနှင့် အတွင်းနေသဘောသွားများအထိ ထိုးဖောက်ရှုစားနေခြင်းများသည် နောက်က လာရာလမ်းဖြစ်သော သေလမ်းကို ကျောပေး၊ သေလမ်းနှင့် ဝေးရာသို့ ပြေးဝင်နေခြင်းတည်း။

တစ်ဖန် ပမာဒသမားက သူတကာနှင့် ဗွဲဖက် ပျက်သော အကောင်းကိုသာ လိုက်စားလျက် ရှိပြီး အပ္ပမာဒ သမားကား သူတကာနှင့် မရောယှက် မိမိတစ်ဦးတည်းသက်သက်ဖြင့် မပျက်သော အကောင်းကိုသာ ခံစား၏။

ထိုသို့ မိမိတို့မှန်းချက် ခြေလှမ်းအသီးသီးတို့ဖြင့် ခရီးဆက်နေကြစဉ်...

(က) အပ္ပမာဒသမားကား ယာဉ်ရထားထက် တက်ထိုင်လျက် နိုးစေလျက်ကသာ သွားနေတတ်ပြီး...

www.dhammaransi.com



(ခ) ပမာဒသမားမှာမူကား ခြေလျင်လည်းရှိ၊ ယာဉ်လည်း ရှိ ထိုနှစ်မျိုး တစ်မျိုးမျိုး ဖြစ်နေတတ်၏။ အိပ်စက်လျက် ကလည်းကောင်း၊ မနိုးတစ်ဝက် နိုးတစ်ဝက်ဖြင့် သော် လည်းကောင်း၊ တစောင်းပက်လက်ဖြင့်လည်းကောင်း လိုက်ပါလေ့ရှိ၏။ သက်သာလေ ကြိုက်လေသာ ဖြစ်ဘိ ၏။

သို့ကြောင့် ယင်းပမာဒသမား၏ လားရာစခန်းကား သေရွာ ခေါ် အနောက်လမ်းမျှသာတည်း။ အပါယ်ခေါ် အောက်လမ်းမျှသာ တည်း။

အပ္ပမာဒသမား၏ လားရာစခန်းမှာမူကား...

(၁) သဘောအရှိ မိရုံမျှ ဖြစ်ပါမူ လူ့ဘဝ နတ်ဘဝသို့သာ တည်း။

(၂) ငါစွဲ ဒိဋ္ဌိ အငြိပြုတ်ပြီးအထိဖြစ်ပါမူ သောတာပန်ဘုံအထိ ပင်တည်း။

(၃) ကြိုက်စွဲ မုန်းစွဲ အားလုံးစဲအထိ ဖြစ်ပါမူ သကဒါဂါမ်၊ အနာဂါမ်ဘုံအထိတည်း။

(၄) မသိစွဲ မရှိစွဲ အားလုံးစုံအကုန်ဖြတ်တောက်ပြီးစီး ပါမူကား နိဗ္ဗာန်ဘုံအထိပင်တည်း။

ဤတွင် ပမာဒ၊ အပ္ပမာဒတို့၏ ခြားနားချက်ကို ပြဆိုပြီးပါပြီ။ သို့ကြောင့် သင့်အား ငါတို့ မေးလိုပါ၏။

စာဖတ်သူ...သင်သည် သင့်စိတ်နေ ဖဝါးထား သင့်လုပ်ရပ် များနှင့် နှိုင်းချင့်ကာ ထိုငါတို့၏ အမေးကို အကွက်ကျကျ ဖြေကြား ရန် တိုက်တွန်းပါ၏။

www.dhammaransi.com



နေဝင်တော့မည်။

တစ်နေ့ဝင်လျှင် မိမိအိမ်တစ်ခေါက်ပြန်လည်ကာ ဝင်ရောက်ရဦးမည်။ ထိုသို့ အိမ်သို့အပြန်တွင် သင်သည်...

(က) ခြေလျင်ခရီးဖြင့် ပြန်မည်လော၊ သို့မဟုတ် ယာဉ်စီးပြီး ပြန်မည်လော။

(ခ) ယာဉ်စီးပြီးပြန်သော် အိပ်လျက်က စီးမည်လော၊ နိုးလျက်က စီးမည်လော။

(ဂ) နိုးနိုးကြားကြားနှင့် စီးသော် လက်မဲ့လော၊ လက်ဆုပ်လော။

(ဃ) လက်ဆုပ်ဖြစ်ခဲ့သော် ကိုယ့်ပစ္စည်းလော၊ သူ့ပစ္စည်းလော။

ဤမေးခွန်းများသည် သင်တကယ်ဖြေရမည့်မေးခွန်းများချည်းတည်း။

မေ့မေ့နေခြင်း မမေ့ခြင်း နှစ်ခင်း နှစ်ဘို့ ရှိပါချေ။
မေမေ့နှင့်နေ လူစိတ်ပြေ မသေလည်းသေ သေလည်း သေ။
မမေနှင့်နေ စိတ်မတွေ နေလည်း မသေ သေ မသေ။

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီ ဥယျာဉ် ဓမ္မသာမိထေရ်
၁၃၅၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
နတ်တာလူတောာရစခန်း။

သုဝဏ္ဏာသျှမ်စာစဉ်

www.dhammaransi.com

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီ ဥဇ္ဇယျ ဓမ္မသာမိထေရ်

# အပ္ပမာဒ၏ သဘောထား

အပ္ပမာဒသတိ၏ စွမ်းပကားသည်

လူကိုနှိုးနေစေလျက် ကိလေသာတို့ကို အိပ်စက်စေ၏
ရန်းရင်းဆန်ခတ်မှုကို နှိမ်နင်းလျက် ကိုယ်နှင့်စိတ် ငြိမ်သက်စေ၏။
ကိုယ်နှင့်စိတ်ကို အစိုးရစေလျက် အာရုံကို ညှော်သည်အဖြစ် လက်ခံစေ
သူပြောသိ လူပြောသိကို ဖိနှိပ်လျက် ကိုယ်ပိုင်သိကို ခွဲထွက်စေ၏။
သတိ တစ်လုံးတည်းဖြင့်ပင် ကိုယ့်စိတ်ကိုလည်းပိုင်ပြီးသား
ကိလေသာကိုလည်း ပယ်ပြီးသား၊ သိစရာလည်း သိပြီးသားတည်း။

မောင်သွေးချွန်
စီစဉ်ပူဇော်သည်

WIN MYINT OO , 2000